ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့၊ (21-5-2006) (၄၉၆၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီအား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီအား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့် အဖွဲ့ဝင်များအား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်ကျော်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြ၊ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီး ဦးကျော်တင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၁-၅-၂၀၀၆
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ အန္တရာယ်ကင်းစွာ စားသုံးနိုင်ရေး သတိပြုလိုက်နာ

တိုးတက်များပြားလာလျက်ရှိသည့် လူဦးရေနှင့်အညီ သီးနှံများ လုံလောက်စွာ ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများကို အားထားအသုံးပြုနေကြသည်။

သီးနှံစိုက်ပျိုးသူများသည် ပိုးမွှားရောဂါဒဏ်ကာကွယ်ရန်နှင့် သီးနှံအထွက်နှုန်းကောင်းစေရန် ဓာတုဗေဒပိုးသတ်ဆေးများကို လိုအပ်သည့်အချိန်တွင် လိုအပ်သည့်အတိုင်းအဆဖြင့် အသုံးပြုကြရေး သတိပြုရန်လိုအပ်သည်။ ထို့အပြင် ပိုးသတ်ဆေးဥပဒေနှင့်အညီ ထုတ်လုပ်ထားသော ပိုးသတ်ဆေးများကို ရွေးချယ်အသုံးပြုပြီး သီးနှံစိုက်ခင်းများတွင် ဆေးဖျန်းသည့်ကာလ၊ ခူးဆွတ်ရမည့်နေ့ရက်အချိန် သတ်မှတ်ချက်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပိုးသတ်ဆေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းထားပြီးဖြစ်ရာ တရားဝင်ထုတ်လုပ် ရောင်းဝယ်နေသူများ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် မျိုးစေ့ရောင်းချသူများ၊ သီးနှံရောင်းချသူများအနေဖြင့် စနစ်တကျ ထုတ်လုပ်ရောင်းဝယ်သင့်ပေသည်။

အချို့သောသီးနှံများမှာ သဘာဝအတိုင်းမဟုတ်ဘဲ ပြုပြင်ထားသဖြင့် ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာစသည့် ဓာတုပစ္စည်းများ ပါဝင်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို စားသုံးမိသောကြောင့် ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဗိုက်ရစ်နာ၍ အော့အန်ခြင်း၊ ခေါင်းကိုက်မူးဝေခြင်း၊ ဦးနှောက်နှင့်အာရုံကြော ထိခိုက်မှုများ ဖြစ်နိုင်သည်။ ထို့အပြင် မျိုးပွားနိုင်စွမ်း လျော့နည်းခြင်း၊ သန္ဓေသားချို့ယွင်းမှုဖြစ်ခြင်း၊ နှင်းခူရောဂါဖြစ်ခြင်းနှင့် ကင်ဆာဖြစ်ပွားခြင်း စသည့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်ချက်ထုတ်ပြန်ထားသည်။

ထို့ကြောင့် ဟင်းသီးဟင်းရွက်နှင့်အသီးအနှံများတွင် ဓာတုဆေးများ အသုံးပြု၍ ဝါဝင်းနေစေရန် ပြုလုပ်ထားသော သစ်သီးများအား စားသုံးခြင်းမှ ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ သီးနှံစိုက်ခင်းများတွင် အသုံးပြုသည့် ပိုးသတ်ဆေးများနှင့် ဓာတုပစ္စည်းများ မပါဝင်စေရန် ဟင်းသီးဟင်းရွက်များကို မလှီးဖြတ်ခင် ရေသန့်သန့်ဖြင့် စင်ကြယ်စွာဆေးကြောခြင်း၊ ဟင်းသီးဟင်းရွက်များကို ချက်ပြုတ်စားသောက်ခြင်း၊ အစိမ်းစားမည့် သစ်သီးဝလံများကို ရေဖြင့် အထပ်ထပ်ဆေးကြောပြီးမှ စားသုံးကြရမည်ဖြစ်သည်။

ပြည်သူများ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးနှင့် အာဟာရပြည့်ဝရေးအတွက် သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စားသုံးကြရန် လိုအပ်သည်။ ယင်းသို့ သီးနှံများစားသုံးရာတွင် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် စိုက်ပျိုးထုတ်လုပ်သူများက ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို စနစ်တကျ ချိန်ဆသုံးစွဲကြရန်နှင့် ပြည်သူများအပိုင်းကလည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် နှိုးဆော်ချက်နှင့်အညီ သတိပြုလိုက်နာ ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ကွယ်လွန်သူ မိခင်ကြီး ဒေါ်တင်တင်(၄)နှစ်ပြည့်အားရည်စူး၍ ကြံခင်းမြို့နေ ဦးစိုးမြင့်-ဒေါ်လှလှဌေး မိသားစုက နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)သို့ တစ်နေ့တာဆွမ်းဆက်ကပ်ခြင်း အခမ်းအနားကို မေ ၁၆ရက်က မိုးကုတ် ဆွမ်းစားဆောင်၌ကျင်းပရာ ပါဠိဌာနမှ ပါမောက္ခဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ထေရိန္ဒထံ လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူခဲ့သည့် ခရမ်းမြို့ ကိုင်းကုန်း ပါဠိတက္ကသိုလ် ကျောင်းတိုက် ဦးစီးပဓာန မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘိတ ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားသို့ ကြွရောက်လာစဉ်။ (သတင်းစဉ်)

ဆရာတော် ဘဒ္ဒန္တ သောဘိတအား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူခဲ့သည့် ရန်ကုန်တိုင်း ခရမ်းမြို့ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘိတအား မေ ၁၄ရက်တွင် ယင်းကျောင်းတိုက်ကြီးရှိ သဒ္ဓမ္မသဘာနှစ်ထပ်ဓမ္မာရုံကြီး၌ ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ကံကြီးကျောင်းဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တဝေပုလ္လက နိမန္တနဂါထာတော်ဖြင့် ပင့်လျှောက်သည်။

ရွတ်ပွားချီးမြှင့်

ယင်းနောက် ပရိသတ်တို့က ရန်ကုန်မြို့ ရွှေဘုန်းပွင့် ရွှေဘုံသာကျောင်းဆရာတော် ဘဒ္ဒန္တ ဝိစိတ္တထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသောဘိတက ဩဝါဒကထာချီးမြှင့်တော်မူ၍ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွား ချီးမြှင့်တော်မူကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦး၊ ခရမ်းမြို့နယ်အသင်း ဒုတိယဥက္ကဋ္ဌ ဦးငွေစိုးနှင့် ပရိသတ်တို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက သာသနာရေး ဆိုင်ရာများကို လည်းကောင်း၊ ပူဇော်ပွဲ ကျင်းပရေးကော်မတီမှ ဦးဝင်းမောင်က ပူဇော်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို လည်းကောင်း လျှောက်ထားကြသည်။

ဆက်လက်၍ ရန်ကုန်မြို့ ရွှေဘုန်းပွင့် သီရိမင်္ဂလာကျောင်း ဆရာတော် ဘဒ္ဒန္တ ဉာဏိဿရက ဂုဏပူဇာဂါထာတော်ဖြင့် လည်းကောင်း၊ ဝတ်အသင်းသူများက ရှစ်လုံးဘွဲ့ ကဗျာများဖြင့် လည်းကောင်း ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ညောင်ပင်သာ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဝိသုက အနုမောဒနာ တရားနှင့် ရေစက်ချတရားတို့ကို ချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ခရမ်းမြို့ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးမှ ဓမ္မာစရိယနှင့် မြန်မာပါရဂူစာမေးပွဲတွင် အောင်မြင်တော်မူခဲ့သော ရှင်ခေမာနန္ဒအား ခရမ်းမြို့နယ်အသင်းက ဆုလက်မှတ်နှင့် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကမ်းနားလမ်းနေ ဒေါ်ကြင်က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်မည်

ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သဇင်နွယ်လမ်း စိတ္တသုခကျောင်း ဓာတ်တော်တိုက် အမှတ်(၁) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် (၁၅)ကြိမ်မြောက် အဓိဋ္ဌာန်အောင်ဆုထူးမြတ် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲနှင့် ပရိတ်တရားတော်များ အသံမစဲ ရွတ်ဖတ်ပူဇော်ပွဲကို မေ ၃၀ရက်မှ ဇွန် ၅ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပရိတ် တရားတော်များကို ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာလင်္ကာရ (လူမှုထူးချွန် ပထမဆင့်)နှင့် ပင့်သံဃာတော် အရှင်သူမြတ် ၂၇ပါးတို့က ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ရာ သက်သတ်လွတ်ဆွမ်းနှင့် သင်္ကန်းအစရှိသော ဒါတဗ္ဗဝတ္ထု အစုစုကို လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

Noma Concours ကလေးစာပေသရုပ်ဖော်ပန်းချီပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်

ရန်ကုန် မေ ၂၀

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ယူနက်စကိုဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသယဉ်ကျေးမှုဌာန Asia/Pacific Cultural Centre for UNESCO - ACCU က ကြီးမှူး၍ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကလေးစာပေ ရုပ်ပြစာအုပ်များ အဆင့်အတန်းနှင့် အရည်အသွေး တိုးတက်မြင့်မားစွာ ပုံနှိပ်ထုတ်ဝေနိုင်ရန် ရည်ရွယ်ပြီး ၂၀၀၆ ခုနှစ်အတွက် Noma Concours ကလေးစာပေ၊ ဇာတ်လမ်းသရုပ်ဖော် ပန်းချီပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ပန်းချီပညာရှင်များအား ဖိတ်ခေါ်ထားသည်။

ပညာရှင်အဆင့်

ပြိုင်ပွဲအတွက် ပုံပြင်ဇာတ်လမ်းများကို သရုပ်ဖော်ပုံများရေးဆွဲ၍ ပေးပို့ယှဉ်ပြိုင်နိုင်ရန်ဖြစ်ပြီး ပေးပို့ယှဉ်ပြိုင်ရာတွင် မူရင်းရေးဆွဲထားသော သရုပ်ဖော်ပန်းချီများဖြစ်ရမည်ဖြစ်သည်။ ဓာတ်ပုံများဖြင့် ပုံနှိပ်ထားသော ပန်းချီကားများကို လက်ခံမည်မဟုတ်သည့်အပြင် ကလေးများရေးဆွဲသည့် ကလေးပန်းချီပြိုင်ပွဲလည်း မဟုတ်ဘဲ ပညာရှင်အဆင့်ကိုသာ ဖိတ်ခေါ်ထားခြင်းဖြစ်သည်။

ပုံပြင်ဇာတ်လမ်းတစ်ပုဒ်အတွက် သရုပ်ဖော်ပုံငါးပုံနှင့်အထက် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ သို့ရာတွင် ပုံပြင်ဇာတ်လမ်းတစ်ပုဒ်အတွက် သရုပ်ဖော်ပုံများ၏ အလေးချိန် ၅ကီလိုဂရမ်ထက် မကျော်စေရပေ၊ ထုတ်ဝေခြင်းမပြုရသေးသော ရုပ်ပြလက်ရာများလည်း ပါဝင်ယှဉ်ပြိုင်နိုင်သည်။ပါဝင်ယှဉ်ပြိုင်ရာတွင် မိမိသရုပ်ဖော် ရေးဆွဲသည့် ဇာတ်လမ်းအကျဉ်းချုပ်ကို အင်္ဂလိပ်ဘာသာဖြင့် စာလုံးရေ ၃၀၀ ခန့် ပြုစုပေးရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်လက်ရာများကို ရွေးချယ်၍ ၂၀၀၇ ခုနှစ် မတ်လကုန်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

ဆုငွေ

အကောင်းဆုံးဆုရရှိသူအား ဆုငွေ အမေရိကန်ဒေါ်လာ ၃၀၀၀ချီးမြှင့်မည်ဖြစ်သည်။ ဒုတိယဆုနှစ်ဆုအတွက် တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ စီ၊ အထူးဆု ၁၀ဆုအတွက် တစ်ဆုလျှင် အမေရိကန်ဒေါ်လာ ၃၀၀ စီ ချီးမြှင့်မည်ဖြစ်ပြီး နှစ်သိမ့်ဆု ၂၀အတွက် ဆုတံဆိပ်များကို ပေးပို့ချီးမြှင့်မည်ဖြစ်သည်။

ဆုရွေးချယ်ခြင်းမခံရသည့် ပန်းချီသရုပ်ဖော်လက်ရာများကို လူကိုယ်တိုင်(သို့မဟုတ်)ကိုယ်စားလှယ် လွှဲစာဖြင့် လာရောက်ထုတ်ယူမှသာ ပြန်လည်ထုတ်ပေးမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်မည့် ပုံပြင်ဇာတ်လမ်းများအတွက် သရုပ်ဖော်ပန်းချီများကို ဦးမောင်လှိုင်(စာတည်းမှူးချုပ်၊ တွဲဖက်အတွင်းရေးမှူး) ၂၀၀၆ Noma Concours for Book Illustrations ပြိုင်ပွဲဝင်လက်ရာများ စိစစ်ရွေးချယ်ရေးအဖွဲ့ စာပေဗိမာန် အမှတ်(၅၂၉) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၂၄၀၀၄၈ သို့ ၂၀၀၆ ခုနှစ် ဩဂုတ် ၃၀ရက် နောက်ဆုံးထား၍ ပြိုင်ပွဲဝင်သူ၏ ကိုယ်ရေးအချက်အလက်အပြည့်အစုံနှင့်အတူ ပေးပို့ရမည်ဖြစ်သည်။ အသေးစိတ် အချက်အလက်များကို ရုံးချိန်အတွင်း အထက်ပါဌာနတွင် မေးမြန်းနိုင်သည်။ (သတင်းစဉ်)

ဆေးဖက်ဝင် ကြက်သွန်နီ

ဒေါက်တာလွင်ကို

တစ်နေ့တွင် ပါမောက္ခ ဒေါက်တာကျော်လှနှင့်အတူ လေယာဉ်ကွင်းမှအပြန် သူနှင့်ရော ကျွန်တော်နှင့်ပါ ငယ်စဉ်အခါက ရင်းနှီးကျွမ်းဝင်ရှိခဲ့ကြသော အင်ဂျင်နီယာပါမောက္ခချုပ်(စာရေးဆရာ)တို့ ဇနီးမောင်နှံနှင့် နန်းကြီးသုပ် အတူစားရင်း စကားလက်ဆုံကျခဲ့ပါသည်။

မြန်မာ့ပတ်ဝန်းကျင်တွင် လွယ်ကူစွာဖြင့် မြင်၊ သိ၊ ကြားနေရသည့် အသီး၊ အပွင့်၊ အရွက်များအကြောင်း၊ မည်သို့မည်ပုံ ဆေးဖက်ဝင်ကြောင်း သူတစ်လှည့် ကိုယ်တစ်ခါ စုံလင်စွာပြောဆိုမိကြသည်။

ဆေးဖက်ဝင် ကြက်သွန်နီ

ဆေးဖက်ဝင် ကြက်သွန်နီများကို ဤသို့ တွေ့ရသည်။

"ဆရာတို့ ကြက်သွန်နီကို လူတိုင်းစားဖူးပါတယ်။ ကျွန်တော့်ကိုယ်တွေ့တစ်ခုကတော့ ကြက်သွန်နီတစ်ဥကို တစ်လွှာချင်းခွာပြီး သောက်ရေဖန်ခွက်မှာထည့် အဖုံးဖုံးထားရင် ကြက်သွန်နီ စိမ်ရေရတာပေါ့ဗျာ။ အဲဒါ ညမှာလုပ် နံနက်အိပ်ရာထမှာသောက် ဘာအရသာ၊ အနံ့ဆိုးမှမရှိဘူး။စားနေကျကြက်သွန်နီရေစိမ်ပြီး သောက်တာဆိုတော့ ဘေးထွက်ဆိုးကျိုးလဲ စိုးရိမ်စရာမလိုဘူးဗျို့။ တစ်လ၊ နှစ်လသာ နေ့စဉ်သောက်။

"ဘာကောင်းသလဲဆိုတော့ ကျောက်ကပ်ထဲမှာ ကျောက်တည်နေရင် တဖြည်းဖြည်းသေးသွားတာကို တွေ့ရပါလိမ့်မယ်ဗျာ။ Seeing is believing) ဆိုသလိုပါပဲ။ Ultra sound proven လို့ ဆရာဝန်ကြီးများကို ပြောမှ ယုံမယ်ထင်ပါတယ်"

"ယုံပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ မသိသေးတာဘဲ ရှိပါတယ်၊ မဖော်ထုတ်နိုင်သေးတာဘဲ ရှိတယ်၊ ကျွန်တော်တို့ပတ်ဝန်းကျင် လက်တစ်ကမ်းမှာရှိတဲ့ စားသုံးသီးနှံပင်များဟာ အစာလဲဆေး ဆေးလဲအစာဆိုတဲ့ စကားအတိုင်း ဆေးဖက်ဝင်ကြတာချည်းပဲလို့ ခံယူထားပါတယ်။ တိတိပပမည်သို့မည်ပုံ သုံးရမယ်ဆိုတာသာ မညွှန်နိုင်သေးတာပဲ ရှိတယ်"

ဤစကားဝိုင်းမှမှတ်သားဖွယ် ဗဟုသုတ ရလာခဲ့ပါသည်။ ကျွန်တော်၏ ဉာဉ်အတိုင်း ဘာကြောင့် ဒီ effect ရသနည်း၊ ဘယ်သူတွေက ဘယ်လိုသုတေသနလုပ်ထားသနည်း၊ ဘယ်ဓာတ်ပေါင်းတွေ ပါသနည်း၊ အခြား မည်သည့် ရောဂါများကို ပျောက်ကင်းစေသနည်း ဆိုသည်ကို သိချင်လာသဖြင့် Internet တွင် ရှာကြည့်မိပါသည်။

ကြက်သွန်နီ အကြောင်းကို ဖတ်လိုက်တော့ ကြက်သွန်နီကို ပို၍ တန်ဖိုးထားမိပါသည်။ ကျွန်ုပ်တို့၏မီးဖိုချောင် ဆရာဝန်ဖြစ်နေသောကြောင့်ပင်။ An onion a day keeps the doctor away. Onions are highly recommended for people trying to prevent cardiovascular diseases, cancer, and infections ဆိုတဲ့စာကြောင်းကို တွေ့လိုက်ရပါတယ်။

ကြက်သွန်နီကို လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀ ကျော်ကတည်းက ဆေးဖက်ဝင်အပင်အဖြစ် အသိအမှတ်ပြုခဲ့ကြပြီး ရှေးဂရိသမားတော်ကြီး ဟစ်ပိုခရေးတီးစ်(Hippocrates)က ဆီးရွှင်ဆေးအဖြစ် လည်းကောင်း၊ အနာဒဏ်ရာကျက်ဆေးအဖြစ်လည်းကောင်း၊ နမိုးနီးယားရောဂါ ကာကွယ်ဆေးအဖြစ်လည်းကောင်း အသုံးပြုခဲ့ပေသည်။

ဒုတိယကမ္ဘာစစ်အတွင်းက ရုရှားစစ်သားများအကြား ကြက်သွန်နီသည် ဒဏ်ရာဆေးကြောရာတွင် ပိုးသတ်ဆေးအဖြစ် ထင်ရှားခေတ်စားခဲ့ပါသည်။အနောက်နိုင်ငံများမှ မိခင်များသည် နှာစေးလေ့ရှိသော သားသမီးငယ်၏လည်ပင်းတွင် ကြက်သွန်နီဥ ဆွဲပေးခဲ့ကြခြင်းသည် လက်ဖွဲ့တော့ မဟုတ်တန်ရာပါ။ သူ့အနံ့ကနှာစေးပျောက်လို့ရှိမှာ ဖြစ်နိုင်ပါသည်။

ကြက်သွန်နီကို လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀ ကျော်ကတည်းက ဆေးဖက်ဝင်အပင်အဖြစ် အသိအမှတ်ပြုခဲ့ကြပြီး ရှေးဂရိသမားတော်ကြီး ဟစ်ပိုခရေးတီးစ် (Hippocrates)က ဆီးရွှင်ဆေးအဖြစ် လည်းကောင်း၊ အနာဒဏ်ရာကျက်ဆေးအဖြစ်လည်းကောင်း၊ နမိုးနီးယားရောဂါ ကာကွယ်ဆေးအဖြစ်လည်းကောင်း အသုံးပြုခဲ့ပေသည်။

ဒုတိယကမ္ဘာစစ်အတွင်းက ရုရှားစစ်သားများအကြား ကြက်သွန်နီ သည် ဒဏ်ရာဆေးကြောရာတွင် ပိုးသတ်ဆေးအဖြစ် ထင်ရှား ခေတ်စားခဲ့ပါသည်။

ကြက်သွန်နီကို အကွင်းလိုက်လှီး၊ ခေါင်းအုံးအောက်မှာထားပြီး အိပ်သည့်နည်းဖြင့် အိပ်မပျော်သောရောဂါ (Insomnia)ကို အနိုင်ယူခဲ့ကြသည်ဟု ရှေးယုံတမ်းစကားအဖြစ်ပြောခဲ့သည်မှာ နှစ်ပေါင်းထောင်ချီခဲ့ပါပြီ။

ဒါ့ကြောင့် အခု **လွန်ခဲ့တဲ့ ၁၀ နှစ်က လူသုံးများလာလို့ လေ့လာဆန်းစစ်ကြည့်လိုက်တော့ အမေရိကန်ပြည်မှာ လူတစ်ယောက် တစ်နှစ်မှာ ကြက်သွန်နီ ငါးပိသာ=၁၈ ပေါင် စားတယ်တဲ့။ နှလုံးရောဂါကို ကာကွယ်ချင်လို့၊ သွေးတိုးကျချင်လို့၊ ကိုလက်စထရောချချင်လို့၊ ကင်ဆာဆဲလ်ပွားမှု ကာကွယ်အောင်လို့၊ ဦးနှောက်သွေးကြောပြတ်/ပိတ်တာမျိုး ကာကွယ်အောင်လို့၊ ကိုယ်ခံစွမ်းအားကောင်းအောင်လို့၊ အစာအိမ်နဲ့ အူလမ်းကြောင်းမှာ ရောဂါမဖြစ်အောင်လို့ဆိုတဲ့ အဖြေတွေပေးကြပါတယ်။**

ကြက်သွန်နီမှာ အဖြူဥ၊ အဝါဥ၊ အနီဥ ဆိုပြီးရှိရာ အနီဥက ဆေးစွမ်းအထက်ဆုံးပါ။ သူ့မှာ စွမ်းအားဓာတ်ပေါင်း ၂၅ မျိုးလောက်ပါသော်ငြားလဲ Sulfur နဲ့ Quercetin ဆိုတဲ့ ဓာတ်နှစ်ခုက အလွန်အစွမ်းထက်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများဖြစ်တာ တွေ့ရပါတယ်။

ကြက်သွန်ဖြူကဲ့သို့ပင် ကြက်သွန်နီသည် သွေးကြောပိတ်ခြင်းနှင့် သွေးတိုးရောဂါတို့ကို ကာကွယ်ပေးသည်လို့ American Heart Association က အတိအလင်း ဆိုထားပြန်ပါတယ်။

ဒီအချက်တွေကိုကြည့်ပြီး ကြက်သွန်နီကို ဉာဏ်ရှိသလိုသုံးကာ မိသားစု ရောဂါကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြဖို့ တိုက်တွန်းချင်ပါတယ်။

ကြက်သွန်နီကို ဆေးအဖြစ်သုံးနိုင်တာကတော့-

- ၁။ **အအေးမိပြီး နှာရည်ယို၊ မျက်ရည်ယို၊ ခေါင်းကိုက်နေရင် ကြက်သွန်နီ အခိုးရှူ၊ ကြက်သွန်နီ အကွင်းလိုက်လှီးစား၊ မကြာမကြာ စားပါ။**
- ၂။ **နားကိုက်နေရင် ကြက်သွန်နီအရည် ညှစ်ထည့်ပါ။**
- ၃။ **အဆုတ်အအေးပတ်ပြီး ခဲနေရင်၊ နမိုးနီးယားဖြစ်ရင်၊ ချောင်းအရမ်းဆိုးရင် ကြက်သွန်နီများများ စားပေးပါ။**
- ၄။ **ကလေးငယ်များ လေနာလို့ရှိရင်၊ အစာမကြေ ပျို့အန်ရင် ကြက်သွန်နီဥသေးသေး သကြားနဲ့ ပြုတ်ကျွေးပါက မြန်မြန်ပျောက်ပါတယ်။ မုန့်ဟင်းခါးဟင်းရည်ထဲ မှာပါတဲ့ ကြက်သွန်နီဥ ကျက်ပြီးပျော့နေတာ ခြေကျွေးရင်လဲ ရပါတယ်။**
- ၅။ **အသံဝင်၊ အသံအက်၊ အသံသြ၊ အသံပြာပြီး လည်ပင်းနာနေရင်လဲ ကြက်သွန်နီ အစိမ်းလိုက်ပဲဖြစ်ဖြစ်၊ ဟင်းထဲမှာပဲဖြစ်ဖြစ် များများစားပေးရင် မြန်မြန်ပျောက်ပါတယ်။**
- ၆။ **ခြေထောက်၊ လက် ခိုက်မိလို့၊ အနာဖြစ်လို့ တစစ်စစ်ထိုးကိုက်နေရင် ကြက်သွန်နီထောင်းပြီး အုံပေးပါက သက်သာစေပါတယ်။ များများလဲ စားပေးသင့်ပါတယ်။**
- ၇။ **ကြက်သွန်နီဥ ချိုင်းကြားထဲထားပြီး အဖျားတိုင်းရင် အပူချိန်တက်တယ်လို့ ကြားဖူးပေမယ့် ဘာကြောင့်ဖျားဖျား ကြက်သွန်နီစားရင် အဖျားကျတယ်လို့ဆိုထား ပြန်ပါတယ်။**

ကြက်သွန်နီနဲ့ပတ်သက်ပြီးရောဂါကာကွယ်ဖို့ အသုံးတည့်သလို အထက်ဖော်ပြပါ ရောဂါလက္ခဏာတွေအတွက် ကြက်သွန်နီ သုံးကြည့်ပါ။ အန္တရာယ်လဲ ကင်းပါတယ်၊ ပျောက်လဲပျောက်မှာပါ။ ဆေးခန်း၊ ဆေးတိုက်သွားရတဲ့ ဒုက္ခအတော်အတန် ငြိမ်းသွားရင် အိမ်နောက်ဖေးမြေကွက်လပ်မှာ ကြက်သွန်နီ သင်ဖြူးဖျာ တစ်ချပ်စာလောက် စိုက်ချင်စိတ်ပေါက်လာနိုင်ပါတယ်။

စိုက်လို့လဲ လွယ်ပါတယ်။ အက်စစ်မြေမှာစိုက်စိုက်၊အယ်လ်ကာလီမြေမှာ စိုက်စိုက် ရပါတယ်။ မြေကပွရင် ပိုဖြစ်တာပေါ့။ စိုက်စတော့ အအေးဓာတ်လိုပေမယ့် အပင်ဖြစ်ပြီဆိုရင် ပူပြင်းခြောက်သွေ့တဲ့ရာသီမှာလဲ ဖြစ်ထွန်းနိုင်ပါတယ်။ သူ့ကို ရုက္ခဗေဒအမည်က (Allium cepa) လို့ ခေါ်ပါတယ်။မိသားစုဆရာဝန်လို့ ခေါ်လို့ရသလို မီးဖိုချောင်သမားတော်တစ်ဦးလို့ မှတ်ယူနိုင်ပါတယ်ခင်ဗျား။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၅-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၇:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဆရာတော်ဦးဃောသိတ တရားတော် -၆၂ ပါးသော မိစ္ဆာဒိဋ္ဌိ
- **၉:၁၀** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၃၀** ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် ကျွန်တော့်အစ်ကို**
- **၀၁:၅၀** ၆။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၀၁:၅၉** ၇။ အပိတ်နှုတ်ဆက်စကား
- **၀၂:၀၀** ၈။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၄:၂၅** ၄။ မျိုးချစ်တပ်မတော်
- **၄:၄၅** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၀၀** ၆။ အမေးကမ္ဘာတွေးစရာ
- **၆:၀၀** ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၈။ နိုင်ငံတကာသတင်း
- **၆:၂၀** ၉။ မိုးလေဝသသတင်း
- **၆:၂၅** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- **၆:၅၀** ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မြက်ခင်းစိမ်းနဲ့အိမ်ကလေး (အပိုင်း-၂၈)**
- **၈:၀၀** ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၆။ ကျန်းမာသုတ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သတ္တိဗျတ္တိ (အပိုင်း-၂)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

တရုတ်နိုင်ငံ ရှန်တူမြို့၌ ချန်ချူး မုန်တိုင်း တိုက်ခတ်မှုကြောင့် ရေကြီးနေသည်ကို မေ ၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ချန်ချူးတိုင်ဖုန်းမုန်တိုင်း တရုတ်နှင့် ဗီယက်နမ်တွင် တိုက်ခတ်

ရှန်ဟိုင်း မေ ၁၉

ချန်ချူးအမည်ရှိ တိုင်ဖုန်းမုန်တိုင်းသည် တောင်တရုတ်ဒေသအတွင်း ကြာသပတေးနေ့က တိုက်ခတ်သွားခဲ့ရာ လူ ၁၁ ဦး သေဆုံးပြီး လူတစ်သန်းကျော်ကို ဘေးကင်းရာဒေသသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ဆင်ဟွာ သတင်းဌာနက ဖော်ပြသည်။ ဗီယက်နမ်နိုင်ငံတွင်လည်း ယင်းမုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် ရေလုပ်သား ၃၅ ဦး ပင်လယ်ပြင်တွင် ပျောက်ဆုံးနေသည်။

ချန်ချူး တိုင်ဖုန်းမုန်တိုင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းပြီး တစ်နာရီလျှင် ကီလိုမီတာ ၁၇၀ နှုန်းရှိ လေပြင်းပါ တိုက်ခတ်မှုကြောင့် ရှန်တူနှင့် ကျာမင်မြို့ကြားဒေသတွင် ရေပတ်လည်ဝိုင်းနေခဲ့ကြောင်း ဟောင်ကောင်ရှိ မိုးလေဝသဌာနက ပြောကြားသည်။

တရုတ်နိုင်ငံ၏ ကမ်းခြေပြည်နယ်များဖြစ်သည့် ကွမ်တုံနှင့် ဖူကျန့်တို့သည် လေမုန်တိုင်းဒဏ်အခံရဆုံးဖြစ်သည်။

ယင်းမုန်တိုင်းဒဏ်ကြောင့် တရုတ်နိုင်ငံတွင် ကြာသပတေးနေ့ မွန်းလွဲပိုင်းက ၁၁ဦး သေဆုံးခဲ့ပြီး အခြားလေးဦး ပျောက်ဆုံးနေသည်ဟု ဆင်ဟွာသတင်းဌာနက ဆက်လက်ဖော်ပြသည်။

ရှန်တူမြို့ရှိ လမ်းအားလုံးနီးပါး ရေလွှမ်းမိုးခံနေရပြီး လျှပ်စစ်မီး မကြာခဏပြတ်တောက်ခဲ့မှုများလည်း ဖြစ်ပွားခဲ့သည်။ ဖူကျန့်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် မြစ်အများအပြား ရေလျှံမှု ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ပါကစ္စတန်၌ ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲ

ကွက်တာ(ပါကစ္စတန်) မေ ၁၉

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်းဒေသရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းတစ်ခုသည် စစ်သွေးကြွများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဗုဒ္ဓဟူးနေ့တွင် ပေါက်ကွဲသွားကြောင်းသိရသည်။ ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုဖြစ်စဉ်တွင် အမျိုးသမီးငယ်လေးတစ်ဦး သေဆုံးပြီး ၎င်း၏မိခင်နှင့်အတူ အခြားဆွေမျိုးသားချင်းတစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ပေါက်ကွဲ

အဆိုပါ အမျိုးသမီးကလေးသည် ဘလူချီစတန်ပြည်နယ် ဒီရာဘူတီမြို့ရှိ ၎င်း၏အိမ်အနီးမှဖြတ်၍ သွယ်တန်းထားသော အချင်း ၄၀ စင်တီမီတာရှိ ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲသွားသည့်အတွက် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့ရုံးအကြီးအကဲ အထက်တန်းအရာရှိ အဗ္ဗဒူဆာမက်လာဆီက ပြောကြားသည်။ အခြားဖြစ်ရပ်များတွင် ဒီရာဘူတီမြို့ရှိ ရဲတပ်ဖွဲ့စခန်းအား ပစ်ခတ်တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးခဲ့ပြီး ကိုလိုမြို့ ဖောက်ခွဲတိုက်ခိုက်မှုတွင်လည်း ရဲတပ်ဖွဲ့ဝင်တစ်ဦး ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိသွားကြောင်း သိရသည်။

ပစ်ခတ်တိုက်ခတ်

ပါကစ္စတန်နိုင်ငံတွင် အထင်ကရပြည်နယ်ကြီး လေးခုရှိသည့်အနက် ဘလူချီစတန်ပြည်နယ်သည် နိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ အများဆုံးထွက်ရာပြည်နယ်ဖြစ်သည်။အကြမ်းဖက်တိုက်ခိုက်ရေးသမားများသည် အခြားဒေသများသို့ ပို့လွှတ်နေသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများကို မကြာခဏ ဖောက်ခွဲတိုက်ခိုက်လေ့ရှိသည်။မီးရထားလမ်းများနှင့် လျှပ်စစ်ဓာတ်အားပေးလိုင်းများကိုလည်း တာတိုပစ်ဒုံးကျည်များနှင့် ပစ်ခတ်တိုက်ခိုက်ကြသည်။ အစိုးရ ရုံးအဆောက်အအုံများနှင့် ကြည်းတပ်အခြေစိုက်ရာ စခန်းတို့ကိုလည်း ပစ်ခတ်လေ့ရှိကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ။

တရုတ်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အိန္ဒိယနိုင်ငံဖိတ်ခေါ်

ကိုင်ရို မေ ၁၉

ပြည်ပနိုင်ငံများက တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် အခွင့်သာသည့် အခြေအနေများကို ဖန်တီးပေးထားသော အိန္ဒိယနိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ လာရောက်လုပ်ကိုင်မည့် ရင်းနှီးမြှုပ်နှံမှု အများအပြားကို လိုလားလျက်ရှိကြောင်း အိန္ဒိယ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနဝန်ကြီး မာမွတ်မိုဟီဒင်က မေ ၁၇ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အိန္ဒိယနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (အိုအီးစီဒီ)တို့သည် အိန္ဒိယ ရင်းနှီးမြှုပ်နှံမှု ဖိုရမ် အစည်းအဝေးကို ပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးနှင့် စပ်လျဉ်း၍ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ရင်းနှီးမြှုပ်နှံမှုဝန်ကြီး မာမွတ်မိုဟီဒင်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ အိန္ဒိယ ရင်းနှီးမြှုပ်နှံမှု ဖိုရမ်သို့ ပြင်သစ်နိုင်ငံအခြေစိုက် အိုအီးစီဒီအဖွဲ့၏ အထွေထွေအတွင်းရေးမှူး ရစ်ချက်ဟက်ဂ်လင်ဂါလည်း တက်ရောက်သည်။

အိန္ဒိယနိုင်ငံက ဖွင့်လှစ်ထားသော စူးအက်စက်မှုဇုန်တွင် မကြာသေးမီကာလက တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၁၀ သန်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခဲ့သည်။ ထိုကိစ္စကို အိန္ဒိယဝန်ကြီးက အထူးဂုဏ်တင်ပြောကြားသွားသည်။

ယခုနှစ်ကုန်ပိုင်းတွင် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့ သံတမန်ဆက်သွယ်မှု ထူထောင်ခဲ့သည့် နှစ် (၅၀) ပြည့်မြောက်သည့် အခမ်းအနားကို ကျင်းပရန်ရှိသည်။ ထိုအခမ်းအနားကျင်းပရာ တရုတ်နိုင်ငံသို့ အိန္ဒိယရင်းနှီးမြှုပ်နှံမှုဝန်ကြီး တက်ရောက်ရန် အစီအစဉ်ရှိသည်။ ယင်းအခမ်းအနားသို့ တက်ရောက်ရန်ရှိသော အိန္ဒိယဝန်ကြီး၏ တရုတ်ခရီးစဉ် မစတင်မီ ထိုနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကို လိုလားကြောင်း အကြိုသဘောမျိုးဖြင့် ကနဦး ဖိတ်ခေါ်သည့် စကားကိုပြောကြားသွားခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်တာနက်မှတစ်ဆင့် လေလံတင်ရောင်းချသည့် ခွဲစိတ်ခန်းသုံး ကိရိယာများဖြင့် ဗြိတိန်နိုင်ငံရှိ ဆေးရုံတစ်ရုံတွင် ခွဲစိတ်ကုဆရာဝန်များ ကုသပေးနေသည်ကို မေ ၁၉ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ခရီးသည်များ အသက်အန္တရာယ်စိုးရိမ်ဖွယ်တွေ့ရှိ စပိန်မှ ကမ္ဘာလှည့်သင်္ဘော ဗြိတိန်၌ ထိန်းသိမ်း

လန်ဒန် မေ ၁၉

ခရီးသည် ၁၇၈ ဦးလိုက်ပါသော စပိန်နိုင်ငံပိုင် ကမ္ဘာလှည့်သင်္ဘောတစ်စင်းသည် ခရီးသည်များအတွက် အသက်အန္တရာယ်စိုးရိမ်ဖွယ် အခြေအနေများ တွေ့ရှိရသည့်အတွက် ထိန်းသိမ်းထားခဲ့ကြောင်း ဗြိတိန်ရေကြောင်းနှင့် ကမ်းခြေစောင့်အဖွဲ့(အမ်စီအေ)က မေ ၁၇ ရက်တွင် ပြောကြားသည်။

ဗစ်တာမာအမည်ရှိ အဆိုပါသင်္ဘောပေါ်တွင်အသုံးပြု၍မရသော အသက်ကယ် လှေများကို တွေ့ရပြီးနောက် ဗြိတိသျှအာဏာပိုင်များက သင်္ဘောကို ထိန်း သိမ်းထားလိုက်ခြင်းဖြစ်သည်။

ဗြိတိန်ရေကြောင်းသို့ ဝင်ရောက်လာသော အဆိုပါ သင်္ဘောပေါ်ရှိ အသက်ကယ်လှေများမှာ သုံးမရကြောင်း၊ သို့ဖြစ်၍ သင်္ဘောကို ခရီးဆက်လက်သွားခွင့်ပြုမည်မဟုတ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။ ထိုသင်္ဘောပေါ်တွင် လိုက်ပါလာသော ကမ္ဘာလှည့်ခရီးသည်များတွင် ဂျာမန်ခရီးသွား ဧည့်သည်များသည် အများဆုံးပါဝင်သည်ဟု ၎င်းက ထပ်မံပြောကြားသည်။

အရှည် ၁၁၇ မီတာရှိသော အဆိုပါသင်္ဘောသည် လန်ဒန်မြို့ တာဝါဆိပ်ကမ်း၌ ဆိုက်ကပ်ထားပြီး မေ ၁၈ ရက်တွင် သင်္ဘောပေါ်မှ ခရီးသည်များ ဆင်းသက်ခဲ့ကြသည်။

အဆိုပါ သင်္ဘောကို ထိန်းသိမ်းထားကြောင်း အမ်မီရီယာမြို့ရှိ သင်္ဘောပိုင်ရှင်များထံသို့ အကြောင်းကြားခဲ့သည်။ ပျက်စီးနေသော မီးသတ်ပစ္စည်းများ၊ အသက်ကယ်လှေများ၊ ထွက်ပေါက် အမှတ်အသားများနှင့် အခြားအရေးပေါ်ကိစ္စဆိုင်ရာ အမှတ်အသားများ ထင်ရှားစွာ မှတ်သားထားခြင်း မရှိခြင်းတို့ကြောင့် သင်္ဘောကို ထိန်းသိမ်းထားခြင်းဖြစ်သည်ဟု ကမ်းခြေစောင့်တပ်ဖွဲ့က ထပ်မံပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘော်လ်ကန်ဒေသ ဗလိုနာကမ်းခြေတွင် လေဟုန်စီး လေ့ကျင့်နေကြသူများကို မေ ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်၌ ဗုံးပေါက်ကွဲ
ကန်တပ်ဖွဲ့ဝင် လေးဦးနှင့် စကားပြန်သေဆုံး

ဘဂ္ဂဒက် မေ ၁၉

အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်သည် ဘဂ္ဂဒက်မြို့တော် အနောက်မြောက်ပိုင်းတွင် လမ်းဘေးဗုံးဖောက်ခွဲခံခဲ့ရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦးနှင့် ၎င်းတို့၏အတူ လိုက်ပါလာသူ အီရတ်စကားပြန်တစ်ဦးတို့ ကြာသပတေးနေ့တွင် သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဘဂ္ဂဒက်မြို့တွင် ကင်းလှည့်နေသည့် အမှတ်(၄)ခြေလျင်တပ်မက ထုတ်ပြန်သည့်ကြေညာချက်တွင် နောက်ထပ်အသေးစိတ်သတင်းများ ဖော်ပြခြင်းမရှိပေ။

ဖယ်ရှား

အမေရိကန်က ယင်း၏ တပ်ဖွဲ့ဝင် ၁၃၃၀၀၀ ခန့်ကို အီရတ်နိုင်ငံတွင် ဖြန့်ကြက်ထားခဲ့သည်။ သမ္မတ ဆက်ဒမ်ဟူစိန်ကို ရာထူးမှ ဖယ်ရှားပြီးခဲ့သည့်နောက် သုံးနှစ်တာ ကာလအတွင်း ပြောက်ကျားများ၏ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ နေ့စဉ်ရက်ဆက် သေဆုံးထိခိုက်မှုများ ရှိနေခဲ့သည်။

ဘဂ္ဂဒက် အနောက်မြောက်ပိုင်းဒေသတွင် အမေရိကန်မော်တော်ယာဉ် လမ်းဘေးဗုံးဖောက်ခွဲခံခဲ့ရသဖြင့် ဘဂ္ဂဒက်နိုင်ငံစုံတပ်မမှ တပ်ဖွဲ့ဝင်လေးဦးနှင့် အီရတ်စကားပြန်တစ်ဦးတို့ မေ ၁၈ ရက်ညနေ ၂ နာရီခွဲခန့်က သေဆုံးခဲ့သည်ဟု ကြေညာချက်အရ သိရှိရသည်။

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များသည် အဓိကအားဖြင့် လမ်းဘေးဗုံးဖောက်ခွဲခံရသဖြင့် သေဆုံးရခြင်းဖြစ်ပြီး အီရတ်စစ်ပွဲဖြစ်ပွားပြီးနောက် အီရတ်တွင် သေဆုံးခဲ့သည့် တပ်ဖွဲ့ဝင်ဦးရေသည် ၂၄၀၀ ကျော် ရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဂျာမနီနိုင်ငံတွင်ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အကြမ်းဖက်မှုအန္တရာယ်ကြုံတွေ့နိုင်ဟု မဂ္ဂဇင်းတစ်စောင်က ဖော်ပြ

ဘာလင် မေ ၁၈

ဂျာမနီနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပွဲ၌ အနည်းဆုံး ပွဲစဉ်ပေါင်း ၂၁ ခုတွင် အကြမ်းဖက်မှုအန္တရာယ်နှင့် ကြုံတွေ့နိုင်သည့်အလားအလာ ရှိနိုင်ကြောင်း ဂျာမနီနိုင်ငံမှ မဂ္ဂဇင်းတစ်စောင်က ဂျာမနီ မှုခင်းနှိမ်နင်းရေးဌာန (ဘီကေအေ)ကို ကိုးကား၍ မေ ၁၇ ရက်တွင် ဖော်ပြသည်။ အကြမ်းဖက်မှုအန္တရာယ်ဟုဆိုရာတွင် အစွန်းရောက်အဖွဲ့အစည်းများက တိုက်ခိုက်လာမည့်ကိစ္စကို ဆိုလိုခြင်းဖြစ်သည်ဟု နောက်ဆုံးထုတ် စတန်းမဂ္ဂဇင်း၌ ရေးသားတင်ပြထားသည်။

ကမ္ဘာ့ဖလားဘောလုံးပွဲကို ဂျာမနီနိုင်ငံ၌ ဇွန်လ ၉ ရက်တွင် စတင်ပြီး ဇူလိုင်လ ၉ ရက်တွင် ပြီးစီး မည်ဖြစ်သည်။ ကွင်းဖွင့်ပွဲနှင့် ပိတ်ပွဲရက်များတွင် အကြမ်းဖက်မှုအန္တရာယ်နှင့် ကြုံတွေ့နိုင်သည့် အလားအလာ ရှိနေသည်ဟု ဆိုသည်။ အမေရိကန်အသင်း၏ ဘောလုံးပွဲစဉ်များ၊ အင်္ဂလန်၊ စပိန်၊ ပိုလန်နှင့် ဩစတြေးလျနိုင်ငံတို့ပါဝင် သောပွဲစဉ်များတွင် အကြမ်းဖက်မှုအန္တရာယ်မှာ စိုးရိမ်ဖွယ်ရာ အခြေအနေရှိသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဖော်ပြပါနိုင်ငံများ သည် အမေရိကန်ဦးဆောင်သော အကြမ်းဖက်မှုတိုက်ခိုက်ရေးစစ်ပွဲတွင် ပါဝင်ခြင်းနှင့် ၂၀၀၃ ခုနှစ်၌ အီရတ်နိုင်ငံကို ကျူးကျော်သောစစ်ပွဲတွင် ပါဝင်ကြခြင်းကြောင့်ဖြစ်သည်ဟု အကြောင်းပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဗြိတိန်နိုင်ငံ ဟီသရိုးလေဆိပ်သို့ ပထမဆုံးအကြိမ် ဆင်းသက်လာသော အဲဘတ်စ် အေ-၃၈၀ လေယာဉ်ကြီးကို မေ ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဓာတ်ပုံထွက် ကြည်လင်ပြတ်သားသော ဆိုနီကုမ္ပဏီထုတ် နောက်ဆုံးပေါ် SXRD ဒီဂျစ်တယ်ဗီဒီယိုပြစက်ကို မေ ၁၈ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့၌ ပြသထားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ခတ္တမန္ဒူမြို့တွင် ဆေးခြောက်ကီလို ၃၀၀ ကျော်ဖမ်းမိ

ခတ္တမန္ဒူ မေ ၁၉

နီပေါနိုင်ငံ၏ မြို့တော် ခတ္တမန္ဒူ၌ ရဲတပ်ဖွဲ့ဝင်များက အိန္ဒိယအမျိုးသားနှစ်ဦးထံမှ ဆေးခြောက် ၃၃၇ ကီလိုဂရမ်ကို မေ ၁၈ရက်က သိမ်းဆည်းရမိကြောင်း သတင်းများက ဖော်ပြသည်။

၎င်းအမျိုးသားနှစ်ဦးသည် ဆေးခြောက် ၃၃၇ ကီလိုဂရမ်ကို ခတ္တမန္ဒူမြို့ ဘက်ဟန်ယန်အရပ်တွင် ရပ်ထားသော ဂျစ်ကားတစ်စီး အတွင်း ဝှက်ထားခဲ့သည်။ ၎င်းအမျိုးသားနှစ်ဦးကို နီပေါနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မက်လုံးများပေး၍ ငွေကြေးထောက်ပံ့ရန် ဇင်ဘာဘွေ ကျန်းမာရေးဝန်ထမ်းများ တောင်းဆို

ဟာရာရေး မေ ၁၈

ဇင်ဘာဘွေနိုင်ငံတွင် ဆေးပညာကျွမ်းကျင်သူပညာရှင်များသည် ပြည်ပသို့ထွက်ခွာကာ အလုပ်လုပ်ကိုင်ကြသည့်အတွက် နိုင်ငံ၏ ကျန်းမာရေးလုပ်ငန်းတွင် ထိခိုက်ဖွယ်အခြေအနေရှိသဖြင့် ထိုပြဿနာကို ဖြေရှင်းပေးရန် ဇင်ဘာဘွေ ဆေးပညာ ဝန်ထမ်းများက မေ ၁၇ ရက်တွင် တောင်းဆိုခဲ့သည်။

ဆေးပညာကျွမ်းကျင်သူများအတွက် လူမှုရေးကဏ္ဍများအားလုံးတွင် မက်လုံးများပေး၍ ထောက်ပံ့မှုပြုလုပ်ရန် လိုအပ်ကြောင်း ဇင်ဘာဘွေ ဆေးဝါးနှင့်သွားဘက်ဆိုင်ရာကောင်စီ အကြီးအကဲ ဖီနက်စ်မာကူရီရာက ပြောကြားသည်။

ဆေးပညာ ကျွမ်းကျင်သူများသည် ပြည်ပသို့ သွားရောက်ကြခြင်းကြောင့် နိုင်ငံ၏ စီးပွားရေးတွင် အခက်အခဲဖြစ်လာနိုင်ပြီး တစ်ခြားနိုင်ငံမှလည်း အမြင်စောင်းမှုများ ဖြစ်လာနိုင်ကြောင်း ၎င်းက ပြောဆိုသည်။

ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အစိုးရများနှင့် အခြားသော စီးပွားရေးအဖွဲ့အစည်းများသည် ဆေးပညာ ကျွမ်းကျင်ဝန်ထမ်းများကို မက်လုံးများပေးရန် စဉ်းစားရမည်ဖြစ်ကြောင်း၊ ဆေးပညာကျွမ်းကျင်သူများ ရှိမှသာ ရင်းနှီးမြှုပ်နှံလိုသူများလာရောက် လုပ်ကိုင်ကြမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထိုပညာရှင်များ အကူအညီဖြင့် နိုင်ငံ၏ အဓိကခွဲစိတ်မှုများကို ဆောင်ရွက်နိုင်သဖြင့် နိုင်ငံခြားငွေကြေးကုန်ကျမှု သက်သာလာမည်ဖြစ်သည်ဟု၎င်းက ပြောကြားသည်။ ဇင်ဘာဘွေနိုင်ငံတွင် ဆေးပညာကျွမ်းကျင်သူများ ဆုံးရှုံးမှုမရှိရန် လုပ်ငန်းများနှင့် ငွေကြေးထောက်ပံ့မှုများ လုပ်ဆောင်ပေးထားသင့်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အကြီးအကဲ ဘုတ်ဒ်လပ်မိုအမ်ဘန်ဂါဝါနာက ပြောကြားခဲ့သည်။

ဆရာဝန်များ ဘွဲ့လွန်သင်တန်းတက်နေချိန်တွင် လစာငွေများ အပြည့်ပေးရန် ကျန်းမာရေးအဖွဲ့က ထောက်ခံထားသည်။ ကျွမ်းကျင်ဝန်ထမ်းများ ဆုံးရှုံးမှုမရှိရန် ကျန်းမာရေးဌာနနှင့် ဆေးဝါးနှင့်ကလေး ပြုစုစောင့်ရှောက်ရေး ဝန်ကြီး ဒေးဗိုက်ဒါပါရီရန်ရာတွာက တိုက်တွန်းထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကမ္ဘာ့အရပ်ရှည်ဆုံးတရုတ်အမျိုးသမီး ဦးနှောက်အကျိတ် ခွဲစိတ်မှုခံရမည်

ရှန်ဟိုင်း မေ ၁၉

တရုတ်နိုင်ငံရှိ ဆရာဝန်များက ကမ္ဘာပေါ်တွင် အရပ်အရှည်ဆုံးလူဟု သတ်မှတ်ထားသည့် ၂ဒသမ၃၆ မီတာမြင့်သော တရုတ်အမျိုးသမီးတစ်ဦးသည် အန္တရာယ်မရှိသည့် ဦးနှောက်အကျိတ် ခွဲစိတ်ကုသမှုခံယူရမည် ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

၎င်းသည် အသက် (၃၆)နှစ်ရှိ ယောင်ဒီဖင်ဖြစ်ပြီး အန်ဟွေပြည်နယ် ရှုချန်ဒေသမှဖြစ်သည်။ ၎င်းကို ရှန်ဟိုင်း ဂူကျင်ဆေးရုံတွင် ကြာသပတေးနေ့က ဆေးစစ်ဆေးခဲ့သည်။

၎င်းကို ၂ဒသမ၅ မီတာအရှည်ရှိ အထူးအိပ်စင်တွင်ထားကြောင်း၊ ၎င်း၏ ကိုယ်အလေးချိန်သည် ကီလို ၁၈၀ ရှိကြောင်း ဆေးရုံဒုတိယအကြီးအကဲ ဖြစ်သူ နင်ဂွမ်က ပြောကြားသည်။

ကြာသပတေးနေ့က စစ်ဆေးခဲ့သည့် ဆေးဘက်ဆိုင်ရာ စစ်ဆေးချက်အပေါ် မူတည်ပြီး ကုသမှုအစီအစဉ် ရေးဆွဲကာ ခွဲစိတ်ရမည်ဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

ယောင်ဒီဖင်သည်အသက်(၁၅)နှစ်က ၂ဒသမ၀၅မီတာအထိ အရပ်ရှည်ခဲ့သည်။ ၎င်းကို ပြည်နယ် အားကစားပြိုင်ပွဲအတွက် ဘတ်စကက်ဘောသင်တန်းတက်ရန် ရွေးချယ်ခဲ့ပြီးနောက် ကိုယ်ခန္ဓာကြီးထွားသည့် ရောဂါရှိသည်ကို ကျန်းမာရေးအရ ဆေးစစ်ကြည့်ရာတွင် တွေ့ရှိခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဗင်နီဇွဲလားနိုင်ငံအား ရန်သူကျူး ကျော်လာပါက ခုခံတွန်းလှန်ရန်အတွက် တပ်ဖွဲ့ဝင်များ ပွန်တိုဖီဂျိုမြို့၌ မေ ၁၉ ရက်က လေ့ကျင့်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆိုက်ပရပ်စ်နိုင်ငံ၌ လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်မည်

နီကိုးရှား မေ ၁၈

ဆိုက်ပရပ်စ်ကျွန်းနိုင်ငံ တောင်ပိုင်းရှိ လေယာဉ်ကွင်းနှစ်ကွင်းကို တိုးချဲ့ပြုပြင်သွားမည် ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ချားရစ်ဘရာဆောက ကြေညာသွားကြောင်း ဆိုက်ပရပ်စ်သတင်းအေဂျင်စီ (စီအင်အေ)က မေ ၁၇ ရက်တွင် ဖော်ပြခဲ့သည်။

ဆိုက်ပရပ်စ်ရှိ လာနာကာလေယာဉ်ကွင်းနှင့် ပါဖို့စ်လေယာဉ်ကွင်း နှစ်ကွင်းကို ယူရိုငွေ ၆၂၂ သန်း(အမေရိကန်ဒေါ်လာ သန်း ၇၉၀)သုံးစွဲ၍ ပြုပြင်တိုးချဲ့သွားမည်ဖြစ်ကြောင်း၊ ထိုလုပ်ငန်းကို ပြင်သစ်ဆောက်လုပ်ရေး ကုမ္ပဏီ အုပ်စု ဗျိုင်ဂူနှင့် စာချုပ်ချုပ်ဆို လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဝန်ကြီး ဘရာဆောက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းနှစ်ခုကို ယခုနှစ်ဇွန်လအစောပိုင်းတွင် စတင်လုပ်ကိုင်မည်ဖြစ်သည်။ လာနာကာလေဆိပ် ပြုပြင်ရေးလုပ်ငန်းများမှာ ၂၀၀၉ ခုနှစ်အကုန်ပိုင်းတွင်ပြီးစီးပြီး ပါဖို့စ်လေယာဉ်ကွင်းသည် ပထမ လေယာဉ်ကွင်းထက် တစ်နှစ်စော၍ ပြီးစီးမည်ဖြစ်သည်။

လာနာကာလေယာဉ်ကွင်းကို အဆင့်နှစ်ဆင့်ခွဲ၍ ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။ ပထမအဆင့်ပြီးစီးသောအခါ လေဆိပ်သည် ခရီးသည်ပေါင်း ၇ဒသမ၅ သန်း အဝင်အထွက်ကို လက်ခံဆောင်ရွက်ပေးနိုင်စွမ်းရှိမည်။ ဒုတိယအဆင့် ပြီးစီးသွားသောအခါ ထိုလေယာဉ်ကွင်းသည် ခရီးသည်ပေါင်း ကိုးသန်းအထိ အသုံးပြုနိုင်ရေးကို ဆောင်ရွက်ပေးနိုင်စွမ်းရှိမည်ဖြစ်သည်။

၂ ဒသမ ၇ သန်း

ပါဖို့စ်လေယာဉ်ကွင်း ပြုပြင်တိုးချဲ့ရေးလုပ်ငန်း ပြီးစီးသွားလျှင် ခရီးသည် အဝင်အထွက် ၂ ဒသမ ၇ သန်းအထိကို လက်ခံဆောင်ရွက်ပေးနိုင်မည်ဟု ဆိုသည်။

ဖော်ပြပါ လေယာဉ်ကွင်းစီမံကိန်းများ ပြီးစီးသွားသောအခါ နိုင်ငံအနေဖြင့် နှစ်စဉ်ဝင်ငွေ ယူရိုသန်း ၂၀၀၀ အထိ ရမည်ဖြစ်ပြီး ယင်း၏ ၃၃ ရာခိုင်နှုန်းမှာ အစိုးရဘဏ္ဍာငွေအဖြစ် ရရှိမည်ဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြင်သစ်နိုင်ငံတွင် မေ ၁၈ရက်က ကျင်းပသည့် ကိန်းရုပ်ရှင်ပွဲတော်သို့ တက်ရောက်လာသော အီတလီမင်းသမီး မိုနီကာနှင့် တရုတ်မင်းသမီး ကျန်ဇီယီတို့ကို တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ရည်မှန်းချက်များပြည့်မီကျော်လွန်ရေး စီမံချက်များ၊ နည်းလမ်းများချမှတ်ကာ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် မေ ၂၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၈ ရက်တွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတက်ရောက်၍ အမှာစကားပြောကြားသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ဘဏ္ဍာ/အခွန်)

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ပြည်နယ်/တိုင်းအခွန်ဦးစီးဌာနမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်/တိုင်း မန်နေဂျာများနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာဖော်ထုတ်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီးဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများ၊ အစီအမံများကို တင်ပြဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များကို အထောက်အကူပြုစေမည့်ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ရည်မှန်းချက်များ ပြည့်မီကျော်လွန်စေရေးအတွက်စီမံချက်များ၊ နည်းလမ်းများ ချမှတ်ကာ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဝန်ထမ်းများအားလုံးက စိတ်စေတနာကောင်းဖြင့် လုပ်ထုံးလုပ်နည်းများ၊ဥပဒေ၊ နည်းဥပဒေများအတိုင်း တိကျမှန်ကန်စွာ၊ တာဝန်သိစွာ၊ ရိုးဖြောင့်စွာ အလေးအနက်ထား ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်း အခွန်များဦးစီးဌာန၊ ပင်စင်ဦးစီးဌာနနှင့်အခွန်အယူခံခုံအဖွဲ့ရုံးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများက ဘဏ္ဍာနှစ်အတွင်း ဌာနအလိုက် ရည်မှန်းချက်များအပေါ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို သုံးသပ်တင်ပြကြရာ ဝန်ကြီးက သုံးသပ်တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

စာတမ်းများဖတ်ကြား

ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်/တိုင်း မန်နေဂျာများက ဒေသအလိုက် လုပ်ငန်းလျာထားချက်နှင့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုများ ထိရောက်ထက်မြက်စေရေး၊ ဆက်ဆံရေး ချိုသာပြေပြစ်စေရေး၊ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရန်ကြိုးပမ်းကြရေးတို့ကို မှာကြားသည်။

ယင်းနောက် မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်/တိုင်း မန်နေဂျာများက နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးပြုသော စုဆောင်းငွေနှင့် ချေးငွေ စာတမ်းများကို အသီးသီးဖတ်ကြားတင်ပြကြပြီး ပထမနေ့အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို မေ ၁၉ ရက်တွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်/တိုင်း အခွန်ဦးစီးမှူးများက ဒေသအလိုက် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်ချက်နှင့်တကွ ရသင့်ရထိုက်သည့် အခွန်အခများ ပြည့်ဝမှန်ကန်စွာ ရရှိရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်/တိုင်း အခွန်ဦးစီးဌာနမှူးများက အခွန်အရပ်ရပ်ကောက်ခံမှုအပေါ် ဒေသတွင်း လိုက်နာဆောင်ရွက်မှုနှင့် လွယ်ကူသော အခွန်စနစ်ဆောင်ရွက်နိုင်မှုအပေါ် သုံးသပ်ချက်စာတမ်းများကို အသီးသီးဖတ်ကြားတင်ပြကြပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ဘဏ်နှင့် ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ရှိသည်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက ဌာန အသီးသီး၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေး၌ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ ကွာခြားနေရသည့် အကြောင်းအကျိုးများကိုအခြေခံပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို ချမှတ်ဆောင်ရွက်ကြရန် အထူးအရေးကြီးကြောင်း၊ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန် ထမ်းဆောင်ရာတွင် မြန်ဆန်ချောမွေ့စေမှု၊ စေတနာအရင်းခံပြီး ဆက်ဆံရေးချိုသာပြေပြစ်မှုတို့ဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မိမိလက်အောက် ဝန်ထမ်းများကို စွမ်းရည်ပြည့်ဝစေရေးနှင့် စနစ်တကျရှိစေရေး အမြဲဂရုပြုကြပ်မတ်နေရန်နှင့် ဌာန၏ တာဝန်နှင့်ရည်မှန်းချက်များကို မှန်ကန်ပြည့်စုံစွာ နားလည်သဘောပေါက်ရေး၊ အပြည့်အဝ တာဝန်ထမ်းဆောင်ရေးတို့အတွက် တွန်းအားပေးနေရန်လိုအပ်ကြောင်းဖြင့် ပြောကြားသွားသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ FMI City ပိတောက်ဝါ(၈)လမ်းနေ မောင်အောင်ကိုညွန့်နှင့် မဖြူဖြူတင်တို့က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မင်္ဂလာဦး အလှူငွေ ကျပ်တစ်သိန်းကို မေ ၁၉ ရက်က လှူဒါန်းရာ ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

ရွှေပါရမီ သွေးလှူဒါန်းပွဲ

ရန်ကုန် မေ ၂၀

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်၍ လေးလတစ်ကြိမ်သွေးလှူဒါန်းပွဲကို မေ ၂၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ လှူဒါန်းမည်ဖြစ်ရာ ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများ၊ အလင်းစေတမန် လူငယ်များ၊ ဓမ္မမိတ်ဆွေများနှင့်အတူ မည်သူမဆို ဆရာတော်၏ ဒါနဥပပါရမီကို အတူတကွ ပါဝင်လှူဒါန်းကုသိုလ်ယူနိုင်ပါကြောင်း သူတော်ကောင်း အပေါင်းအား နှိုးဆော်ဖိတ်ကြားထားသည်။(က-ပ)

အမှာစကား ပြောကြား

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(ဝန်ထမ်း/လေ့ကျင့်ရေး)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၀

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်က အဖွင့်အမှာစကားပြောကြားပြီးအဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်နှင့် ဦးလှမြင့်ဦးတို့က ဖြည့်စွက်မှာကြား၍ ပါမောက္ခချုပ်များနှင့် ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ နှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၈ ရက်က အမှတ်(၁၁)ရပ်ကွက် ဓမ္မပဒေသာ စာကြည့်တိုက်ရှေ့တွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်နှင့်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသာစိန်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (က-ပ)

တောင်တောရယ် သာစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) နှင့် အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်ကြည်ညို၊ မူးယစ်ဆေးဝါးပပျောက်ရေး ပြတိုက်လေ့လာ ဘန်ဂါလီစွန္နီဂျာမေဗလီ ဝတ်ကျောင်းတော်၌ ဝတ်ပြုကိုးကွယ်

ရန်ကုန် မေ ၂၀

ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာအီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့် အဖွဲ့ဝင်များသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၈ ရက် ည ၉ နာရီခွဲတွင် ရွှေတိဂုံစေတီတော်သို့ရောက်ရှိ၍ ရွှေစေတီ တန်ဆောင်း၌ ရွှေတိဂုံစေတီတော်ပုံတူစေတီအား ကြည်ညိုကြကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး ပြီး စေတီတော်အား လက်ယာရစ်တစ်ပတ် ကြည်ညိုကြသည်။

အလားတူ ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့် အဖွဲ့ဝင်များသည် မေ ၁၉ ရက်တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ် ခင်ရီ၊ တွဲဖက် အတွင်းရေးမှူး ရဲမှူးကြီး ခမ်းအောင်၊ ပြတိုက်တာဝန်ခံ ဒုတိယ ရဲမှူးကြီးဌေးအောင်နှင့် တာဝန်ရှိသူတို့ က ပြခန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားကြ၍ ပြတိုက်အတွင်း ကြည့်ရှု လေ့လာကြပြီး ပြတိုက် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး ကြသည်။

ထို့နောက် ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက ဧည့်သည်တော် ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီ အား ဂုဏ်ပြုလက်ဆောင် ပေးအပ် သည်။

ဝတ်ပြုကိုးကွယ်

ထို့အတူ ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာအီဘရာဟင်၊ အေ၊ ဂမ်ဘာရီ သည် မေ ၁၉ရက် ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းရှိ ဘန်ဂါလီစွန္နီဂျာ မေဗလီဝတ်ကျောင်းတော် (Bengali Sunni Jameh Mosque) သို့ ရောက် ရှိ၍ ဝတ်ကျောင်းတော်၌ ဝတ်ပြု ကိုးကွယ်ပြီး ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် မှတ်တမ်းတင် လက်မှတ် ရေးထိုးသည်။

ယင်းနောက် ဧည့်သည်တော် ကုလ သမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံ ရေးရာ) က ဝတ်ကျောင်းတော် အုပ်ချုပ် ရေးအဖွဲ့ဝင်များနှင့် တက်ရောက်လာ ကြသူများအား နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဝတ်ကျောင်းတော် အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဧည့်သည် တော် ကုလသမဂ္ဂ ဒုတိယအတွင်း ရေးမှူးချုပ် (နိုင်ငံရေးရာ)အား အမှတ် တရလက်ဆောင်များကို ပေးအပ်သည်။

(သတင်းစဉ်)

ကြည်ညို

ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီ ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်ရှိ ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်အား ကြည်ညိုစဉ်။

(သတင်းစဉ်)

ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီ ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းရှိ ဘန်ဂါလီစွန္နီဂျာမေဗလီဝတ်ကျောင်းတော်၌ ဝတ်ကျောင်းတော် အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများအား နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

(သတင်းစဉ်)

ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့်အဖွဲ့ဝင်များ မူးယစ်ဆေးဝါး ပပျောက်ရေး အထိမ်းအမှတ်ပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁–၅–၂၀၀၆ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ယနေ့အစီအစဉ်
၇း၀၅	ပေါ့ပေါ့ပါးပါး မြန်မြန်ဆန်ဆန်
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	ပေါင်းတည်မြို့မှဘိုးဘွားရိပ်သာ
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၄၅	နိုင်ငံတကာအနုပညာရေးရာ
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	မီးအပူပေးပြုပြင်ခြင်း နည်းပညာ
၈း၃၀	မိုးလေဝသခန့်မှန်းချက်
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	Sunday Talk (ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို–စက်မှုတက္ကသိုလ်)
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	ပြည်တွင်းသတင်းအကျဉ်း
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	လက်တွေ့အသုံးဝင် ခြံစည်းရိုးကြက်ဆူပင် (ဇရာဝတီတိုင်း)
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	စာပေပညာရှင်များနှင့် တွေ့ဆုံခြင်း(ဆရာချစ်ဦးညို)
၁၀း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	Myanmar Video Rhythm
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	မုချမသွေ့သေစေနိုင်သော ခွေးရူးပြန်ရောဂါ သတိပြု၍ကာကွယ်ပါ (ခွေးရူးပြန်ရောဂါနှင့် ကူးစက်မှု)
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	လုပခုံညားရောင်စုံအမိုးပြား
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

ရုပ်ရှင်ဇာတ်ညွှန်းပညာ ဟောပြောဆွေးနွေးပွဲ မေ ၂၇ ရက်တွင် တတိယအကြိမ်ကျင်းပမည် စိတ်ပါဝင်စားသူတိုင်း တက်ရောက်နိုင်

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ ဇာတ်လမ်းဇာတ်ညွှန်း အခြေခံအလွှာက "ရုပ်ရှင်ဇာတ်ညွှန်းပညာ" နှင့်ပတ်သက်သော ဟောပြောဆွေးနွေးပွဲများကို လစဉ်ကျင်းပလျက်ရှိရာ မေ ၂၇ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့၊ ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ရုပ်ရှင် သင်တန်းခန်းမ၌ တတိယအကြိမ် ကျင်းပမည်ဖြစ်သည်။

ဟောပြောဆွေးနွေး

ယခုဆွေးနွေးပွဲတွင် ကမ္ဘာ့အကောင်းဆုံး ဇာတ်ညွှန်းတစ်ပုဒ်အဖြစ် အနောက်တိုင်း ရုပ်ရှင်ပညာရှင်များ၏ ရွေးချယ်ခြင်းခံရသော Casablanca ဇာတ်ကားကို ကြည့်ရှုလေ့လာပြီး ဇာတ်ညွှန်း ပညာကို ဟောပြောဆွေးနွေးကြမည် ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဦးမြင့်သိန်းဖေ (ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း)၊ အကယ်ဒမီ ဦးထွန်းလှိုင် (ရုပ်ရှင်ဒါရိုက်တာနှင့် ဇာတ်ပုံပညာရှင်)၊ ဦးမိုးသူ (ဇာတ်ညွှန်း ဆရာ၊ ဒါရိုက်တာနှင့် ဘာသာပြန်စာရေးဆရာ)၊ ဦးဖိုးသောကြာ (ဇာတ်ညွှန်း ဆရာ၊ ရုပ်ရှင်ဝေဖန်ရေး၊ စာရေးဆရာ) တို့က ဦးဆောင် ဆွေးနွေးကြမည်ဖြစ်သည်။

စိတ်ပါဝင်စားသူတိုင်း အခမဲ့ တက်ရောက် လေ့လာဆွေးနွေးနိုင်သည်။

(သတင်းစဉ်)

ဝန်ကြီး ဦးအောင်သောင်း စက်ရုံများ ကြည့်ရှုစစ်ဆေး ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်ရေး ဆွေးနွေးမှာကြား

ရန်ကုန် မေ ၂၀

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့တွင် မန္တလေးတိုင်း တောင်သာမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိ၍ စက်မှု(၁) ထုတ်ကုန်ပစ္စည်းများ ရောင်းချမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးသည် မကွေးတိုင်း ပခုက္ကူမြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ဆေးဆိုးပန်းရိုက်စက်ရုံသို့ရောက်ရှိ၍ အနံဆန့်စက်ဖြင့် ပိတ်အနံဆန့်ခြင်းလုပ်ငန်း၊ ပိတ်စစ်ခြင်းလုပ်ငန်းနှင့် စက်ရုံထုတ် ဆေးဆိုးပန်းရိုက်ထည်များကို လည်းကောင်း၊ ဆေးဆိုးခြင်းလုပ်ငန်းများနှင့် အခြောက်လှန်းခြင်း လုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က ရှင်းလင်းတင်ပြသည်။

မှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ပခုက္ကူချည်မျှင်နှင့်အထည်စက်ရုံသို့ ရောက်ရှိ၍ ဝါဖန်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ ဝါဖန်ဌာနရှိ ပြည်တွင်းဖြစ် ချည်မျှင်ရှည်ဝါ (က) အဆင့်နှင့် (ခ)အဆင့်တို့ကိုလည်းကောင်း၊ ဝါလိပ်ခြင်းလုပ်ငန်းကို လည်းကောင်း၊ မိုင်းထောင့်စက် ၂၇လုံး၏ လုပ်ငန်းလည်ပတ်မှုအခြေအနေများကို လည်းကောင်း၊ အပင်ပေါင်းစက် ၁၂လုံး၏ အပင်ပေါင်းခြင်းလုပ်ငန်းများကို လည်းကောင်း၊ တည်င်းလုံးစက် ၁၀လုံး၏ ထုတ်လုပ်မှု၊ ချည်ငင်စက် ၆၂လုံး၏ ထုတ်လုပ်မှု လုပ်ငန်းများကိုလည်းကောင်း၊ ရက်ကန်းဌာနရှိ ကော်စီကော်စက် ၁၂လုံးဖြင့် လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ လွန်းပြောင်းရက်ကန်းစင် ၈၂၈စင်၏ လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ပိတ်ခေါက်ခြင်း လုပ်ငန်းများကို လည်းကောင်း၊ ပိတ်စစ်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ စက်ရုံထုတ်(၁/၃၂)စီပေါ်ပလင်ပိတ်ညိုနှင့် (၁/၃၂)စီပေါ်ပလင်(အဖြူချွတ်ပြီး) ပိတ်များကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့် အရာထမ်း အမှုထမ်းများနှင့် တွေ့ဆုံရာ ရှေးဦးစွာ စက်ရုံမှူး ဦးမြင့်သိန်းဦးက စက်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်းများကိုရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ပေးအပ်

ယင်းနောက် ဝန်ကြီးက စက်ရုံ၏ အားနည်းချက်၊ အားသာချက်များကို အစဉ်သုံးသပ်၍ ချက်ချင်းပြုပြင်ဆောင်ရွက်သွားရေး၊ ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်ရန် ယခုကပင် ကြိုးပမ်းဆောင်ရွက်သွားရေး မှာကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များအား ဂုဏ်ပြုသစ်သီးခြင်းကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ပခုက္ကူ-မြိုင်ကားလမ်း၏ အရှေ့ဘက် ပခုက္ကူမြို့မှ ၄ မိုင် ၂ဖာလုံ၌ မြန်မာ့အထည်အလိပ်လုပ်ငန်းက အကောင်အထည်ဖော်လျက်ရှိသော ပခုက္ကူအထည်ချုပ်စက်ရုံစီမံကိန်းသို့ ရောက်ရှိ၍ စက်ရုံဝင်းအတွင်း ပျိုးထောင်ထားသည့် ခရီးစည်းရိုးကြက်ဆူပင် ပျိုးပင်များကို ကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးအား စက်ရုံစီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က စက်ရုံစီမံကိန်းတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ အဓိက တပ်ဆင်ရမည့် စက်ပစ္စည်းများ၊ မြို့ပြဆိုင်ရာ တည်ဆောက်ရေး လုပ်ငန်းများ၊ အဓိကကုန်ကြမ်းလိုအပ်ချက်၊ ရင်းနှီးမြှုပ်နှံမှု အခြေအနေများကို လည်းကောင်း၊ အထွေထွေမန်နေဂျာ ဦးရဲဝင်းက တည်ဆောက်ပြီးစီးမည့် အခြေအနေများကို လည်းကောင်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်က စက်ရုံ ပင်မအဆောက်အအုံနှင့် ဆက်စပ်အဆောက်အအုံများ တည်ဆောက် ပြီးစီးမှုအခြေအနေများ၊ မြို့ပြဆိုင်ရာ တည်ဆောက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက စက်ရုံစီမံကိန်း အသစ်ဖြစ်သည်နှင့်အညီ မြို့ပြဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို အပြန်အလှန် သုံးသပ်ညှိနှိုင်းလျက် စနစ်တကျ ဆောင်ရွက်သွားရန်မှာကြားသည်။

အဆိုပါ စီမံကိန်း၏ မြေဧရိယာ အကျယ်အဝန်းမှာ ၅၀ ဒသမ ၂၀ဧက ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဝန်ကြီးသည် ပင်မအဆောက်အအုံနှင့်ဆက်စပ်အဆောက်အအုံများ တည်ဆောက်မှု အခြေအနေများကိုလည်းကောင်း၊ သိုလှောင်ရုံအတွင်း ရွှေ့ပြောင်းရောက်ရှိလာသော စက်ကိရိယာများကို လည်းကောင်း၊ တိုးချဲ့တည်ဆောက်မည့် မြေနေရာကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ပခုက္ကူမြို့ မြန်မာ့စားသောက်ကုန်လုပ်ငန်း၏ အမှတ်(၂) စီးကရက်စက်ရုံသို့ ရောက်ရှိ၍ စီမံရေးဌာနရှိ ဝန်ထမ်းများအားတွေ့ဆုံကာ နေ့စဉ်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှအရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံရာ ရှေးဦးစွာ စက်ရုံမှူး ဦးခင်မောင်ရင်က စက်ရုံ၏ အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဝန်ကြီးက တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်ရန် ယခုကပင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဝန်ထမ်းများ၏ စွမ်းရည်မြင့်မားရန် လေ့ကျင့်ပျိုးထောင်သွားရေးတို့ကို ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သစ်တောရေးရာ)

ကြည့်ရှုစစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မကွေးတိုင်း ပခုက္ကူမြို့ မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၀

သစ်တောရေးရာ ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ သစ်တောသုတေသနခန်းမ၌ ကျင်းပရာ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ သစ်တောရေးရာ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ သစ်တောတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်း ဥက္ကဋ္ဌ၊ ပြည်နယ်နှင့်တိုင်း တာဝန်ခံညွှန်ကြားရေးမှူးများနှင့် မန်နေဂျာများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာ့သစ်လုပ်ငန်းမှ ပြည်နယ်နှင့်တိုင်း တာဝန်ခံများ၏ လုပ်ငန်းဆောင်ရွက်မှု တင်ပြချက်များကို ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးချုပ်၏ ရှင်းလင်းတင်ပြချက်အပေါ် ဝန်ကြီးက စိုက်ခင်းများ မိုးရာသီအမီ အချိန်ကိုက်ပျိုးထောင် စိုက်ပျိုးရေး၊ သဘာဝတောကျန်များ ထိန်းသိမ်းရေး မှာကြားသည်။

ဆက်လက်၍ သစ်တောဦးစီးဌာန ပြည်နယ်နှင့်တိုင်း ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စီမံကိန်းနှင့် စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက သစ်တောရေးရာ ဝန်ကြီးဌာန၏ လေးလပတ်ကာလအတွင်း အားသာချက်၊ အားနည်းချက်များနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ဝန်ကြီးဌာန၏ ရည်မှန်းချက် တာဝန်များ၊ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကိစ္စများနှင့် ခြိုးခြံချွေတာရေး ကိစ္စများ မှာကြားသည်။

(သတင်းစဉ်)

ရန်ကင်းပညာရေးကောလိပ် အာစရိယပူဇော်

ရန်ကုန် မေ ၂၀

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ရန်ကင်းပညာရေးကောလိပ် (ယခင်-ရန်ကုန်ဆရာအတတ်သင်သိပ္ပံ-ကံဘဲ့)ပဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ကျင်းပရာ အငြိမ်းစားဆရာကြီး ဆရာမကြီး ၁၁၈ ဦး တက်ရောက်အပူဇော်ခံကြသည်။

ရှေးဦးစွာ ရန်ကင်းပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးမဲအောင်က အာစရိယပူဇော်ပွဲကျင်းပနိုင်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အငြိမ်းစားကျောင်းအုပ်ကြီး ဦးခင်မောင်ရင်နှင့် အငြိမ်းစားဌာနမှူး ဒေါ်ခင်ခင်ထွေးတို့က ဆုံးမဩဝါဒစကား ပြောကြားကြသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ရက်မှ ၃၁ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

ဆက်သွယ်ရေးသင်တန်းများဆင်းပွဲ ကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်

နေပြည်တော် မေ ၂၀

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဖွင့်လှစ်ပို့ချသော Server Operation Training Course နှင့် Database Management System Course သင်တန်းများဆင်းပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ e-National Task Force ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ အထူးအရာရှိနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

သင်တန်းဆင်းပွဲတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အမှာစကားပြောကြားပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား ပေးအပ်ချီးမြှင့်သည်။ အဆိုပါ သင်တန်းမှာ ရက်သတ္တ နှစ်ပတ်ကြာမြင့်ပြီး Server Operation Training Course မှာ Linux Software သုံးစွဲသူများ သိသင့်သည့် အခြေခံအချက်များ၊ Linux Server ချိတ်ဆက်အသုံးပြုပုံများ၊ Root User အနေဖြင့် Server ကို မည်ကဲ့သို့ ပြုပြင်ထိန်းသိမ်း စီမံခန့်ခွဲမှုများ ဆောင်ရွက်နိုင်ရန် ပို့ချသည့် သင်တန်းဖြစ်ပြီး Database Management System Course (DBMS) မှာ Database တစ်ခု တည်ဆောက်ပုံ၊ ဖျက်သိမ်းပုံ၊ စီမံခန့်ခွဲထိန်းချုပ်ပုံ၊ Program များ စတင်အသုံးပြုပုံ၊ အဆုံးသတ်ပုံနှင့် Database ထဲတွင်ရှိသည့် အချက်အလက်များကို နည်းလမ်းမျိုးစုံဖြင့် ကြည့်ရှုစုံစမ်းပုံများကို ပို့ချပေးသည့် သင်တန်းများဖြစ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၇၃ ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

*** ကျောဖုံးမှ**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်တင့်ဆွေ၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့်အတူ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဌာနခွဲမှ ညွှန်ကြားရေးမှူး မစ္စတာ မိုက်ကယ်ဝီလီယံနှင့် ဒုတိယညွှန်ကြားရေးမှူး မစ္စ ဘန်ယောင်ချူးတို့ ပြန်လည်လိုက်ပါသွားကြသည်။

ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ဂမ်ဘာရီသည် မြန်မာနိုင်ငံတွင် ရှိနေစဉ်အတွင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား တွေ့ဆုံဂါရဝပြုခဲ့သည်။ ထို့အတူ၎င်းသည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့အပြင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာအီဘရာဟင်၊ အေ၊ ဂမ်ဘာရီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဖွင့်လှစ်သော Server Operation Training Course နှင့် Database Management System Course သင်တန်းများဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။
(ဆက်သွယ်ရေး)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၅-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၀၅ ၆။ အတီးပြိုင်ပွဲ
- ၈း၁၀ ၇။ မိုးယွန်းကြီးရေထိန်းတံခါး
- ၈း၂၀ ၈။ အဆိုပြိုင်ပွဲ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Say it in English.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၄၀ ၄။ **နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ "Doraemon"**
- ၁၂း၀၀ ၅။ တိုးတက်သာယာ ထိန်တောစံပြကျေးရွာ
- ၁၂း၁၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "သစ္စာမှန်လျှင် ကံမလွဲပါ" (ဝေဠုကျော်၊ခိုင်သင်းကြည်၊ ချိုပြုံး) (ဒါရိုက်တာ-စိုးကျော်ဆန်း)**
- ၁း၄၀ ၇။ အဆိုပြိုင်ပွဲ
- ၁း၅၀ ၈။ ရွှေလောင်းတံတား
- ၂း၀၅ ၉။ အကပြိုင်ပွဲ
- ၂း၂၀ ၁၀။ **"သူငယ်ချင်းမရှိတဲ့ဥပဒေ" (မင်းဝေ၊ခင်ဇာခြည်ကျော်၊ ကေရီကျော်ကျော်) (ဒါရိုက်တာ-မောင်ယဉ်ကျော်)**
- ၂း၃၀ ၁၁။ အတီးပြိုင်ပွဲ
- ၂း၄၅ ၁၂။ International News.
- ၃း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English for Everyday Use.
- ၄း၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရုက္ခဗေဒအထူးပြု)(ရုက္ခဗေဒ)
- ၄း၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
- ၅း၁၀ ၆။ တေးဂီတအစီအစဉ်
- ၅း၂၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၀။ **Discovery**
- ၆း၄၅ ၁၁။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
- ၆း၅၅ ၁၂။ တေးဂီတအစီအစဉ်
- ၇း၁၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကောင်းခြင်းအိပ်မက်" (အပိုင်း-၁၆)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိပြီဆိုရင်"(အပိုင်း-၄၆)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

သတ္တဝါအချို့တွင် ရှေ့ရေးအတွက် ကြိုတင်ပြင်ဆင်နိုင်သော အရည်အချင်း ပိုင်ဆိုင်ကြောင်း လေ့လာတွေ့ရှိဟုဆို

လော့စ်အိန်ဂျလိစ် မေ ၁၈

အနာဂတ်အရေးအရာ ပြုဖွယ်ရာများနှင့်ပတ်သက်၍ စီစဉ်နိုင်စွမ်းရှိသော သတ္တဝါများတွင် မျောက်ကြီးမျိုးများဖြစ်သည့် ချင်ပန်ဇီနှင့် အူရန်ဂူတန်မျောက်များတွင်လည်း တွေ့ရကြောင်း သုတေသီများက ထုတ်ဖော်တင်ပြခဲ့ကြသည်။

ထိုမျောက်မျိုးများသာမက အချို့သော ငှက်မျိုးများမှာလည်း အနာဂတ်အတွက် ကြိုတင်စီစဉ်နိုင်စွမ်းရှိကြောင်း သိရှိခဲ့ကြသည်။ အချို့ငှက်များသည် ရှေ့ရေးအတွက် တွက်ဆ၍ ရိက္ခာစုဆောင်းထားတတ်သည်။ ထိုသို့စုဆောင်းရာ၌ အခြားငှက်တစ်ကောင်က ရိက္ခာသိမ်းဆည်းထားရာနေရာကို သိသွားသည်ဟု ယူဆလျှင် နေရာပြောင်း၍ သိုဝှက်ထားတတ်သည်ကိုလည်း လေ့လာသိရှိရသည်။

ဂျာမန်သုတေသီတစ်စုသည် ဘိုဘိုချင်ပန်ဇီ မျောက်မျိုးများနှင့် အူရန်ဂူတန် မျောက်မျိုးများ၏ လုပ်ဆောင်နိုင်စွမ်း ကျွမ်းကျင်မှုသိရှိရန် သုတေသနပြုခဲ့ကြသည်။ ထိုလေ့လာမှုကို ပြုလုပ်နေစဉ်တွင် ယင်းမျောက်မျိုးများသည် ရိုးရှင်းသော လက်နက်ကိရိယာများကို သုံးစွဲတတ်ကြောင်း၊ ထို့အပြင် နောင်အသုံးလိုသော အခါသုံးစွဲနိုင်ရန် အတွက်လည်း သိမ်းဆည်းထားတတ်ကြောင်း၊ ရယူလိုသောပစ္စည်းနှင့် လိုက်ဖက်သည့် ပစ္စည်းကိရိယာကို ရွေးချယ်သုံးစွဲနိုင်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

မျောက်ဝံမျိုးများ၏ သင်ယူနိုင်စွမ်း အရည်အချင်းကို ယခုဓာတ်ပုံက သက်သေပြုလျက်ရှိသည်။
(ဓာတ်ပုံ-အင်တာနက်)

အထက်ပါ တွေ့ရှိချက်များကို ဆောင်းပါးရေးသား၍ မေ ၁၉ ရက်နေ့ထုတ် သိပ္ပံဂျာနယ်တွင် ထည့်သွင်းဖော်ပြရန် ရှိကြောင်းသိရသည်။

လူသားနှင့် မျောက်ကြီးမျိုးများ၏ မျိုးရိုးကို ဖြစ်ပေါ်စေသော ဘိုးဘွားမျိုးနွယ်များသည် လွန်ခဲ့သော ရှေးနှစ်ပေါင်း ၁၄ သန်းကျော်ကာလကပင် ကြိုတင်တွေးဆနိုင်သောအရည်အချင်း၊ ကိရိယာများကို သုံးစွဲနိုင်သော အရည်အချင်းများကို ပိုင်ဆိုင်ခဲ့ကြ ဟန်ရှိသည်ဟု သိပ္ပံပညာရှင်နီကိုလပ်စ်မူလ်ကာချီနှင့် ဂျိုးဆပ်ကောလ်တို့က ပြောကြားသည်။ ၎င်းတို့နှစ်ဦးသည် ဂျာမနီနိုင်ငံ မက်ဂ်မလန်တက္ကသိုလ်မှ မနုဿဗေဒပညာရှင်များဖြစ်သည်။

အင်တာနက်

ကြေးမုံ The Mirror အင်တာနက် သတင်းများ

အီရန်မှ သစ်ဆိမ့်သီးများ ပြည်ပတင်ပို့

အီရန် မေ ၂၀

အီရန်နိုင်ငံသည် သစ်ဆိမ့်သီးများ ကို ယခုအခါ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၇၆ နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိသည်ဟု အီရန်စိုက်ပျိုးရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြော ကြားသည်။

အီရန်မှ သစ်ဆိမ့်သီးများကို အဓိကဝယ်ယူသော ဖောက်သည်မှာ ဥရောပ သမဂ္ဂအဖွဲ့ဝင်နိုင်ငံများပင်ဖြစ်သည်ဟု သစ်ဆိမ့်သီးထုတ်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံရေး နည်းပညာဆွေးနွေးပွဲတွင် တာဝန်ရှိသူ ဂျီဘီက ပြောကြားခဲ့သည်။ အီရန်လယ်သမားများသည် သစ်ဆိမ့်သီးများကို ထုတ်လုပ်ရာ၌ တိုး၍ သန့်ရှင်းစွာထုတ်လုပ်နိုင်သည့် နည်းနာများကို လက်ခံကျင့်သုံးလာကြသည်။

ထိုသို့ အားထုတ်မှုများ ရှိခဲ့သော်လည်း အီရန်မှ ထုတ်လုပ်သော သစ်ဆိမ့်သီးများ၏ အရည်အသွေးကို ဥရောပသမဂ္ဂအဖွဲ့က ကျေနပ်ခြင်း မရှိသေးဟု ဆိုသည်။ အီရန်နိုင်ငံသည် ဖောက်သည်နိုင်ငံများ အကြိုက်တွေ့စေရန် ကြိုးပမ်းမှုများပြုလုပ်လာသည်။ နိုင်ငံတစ်ဝန်းလုံးတွင် သစ်ဆိမ့်သီးအရည်အသွေးစစ်ဆေးရေးနှင့် ထိန်းချုပ်ရေးအဖွဲ့(အိပ်ချ်အေစီစီပီ)များကို စဉ်ထားရှိခဲ့ပြီး စိစစ်ကြပ်မတ်မှုများ ပြုလုပ်ခဲ့သည်။

သဘာဝအားဖြင့်ဆိုပါက သစ်ဆိမ့်သီးများကို ပြုပြင်ထိန်းသိမ်းမှုမမှန်ပါက လူ့ကျန်းမာရေးကို ထိခိုက်စေနိုင်သော အဖလာတောက်ဆင်ခေါ် မှိုအနုစားတစ်မျိုး ပါလာတတ်သည်။ ထိုမှိုမျိုးကြောင့် အသည်းကင်ဆာရောဂါနှင့် အစာအိမ်လမ်းကြောင်းဆိုင်ရာ ကင်ဆာများဖြစ်နိုင်သည်ဟု ဆိုသည်။

ယခုနှစ်တွင် အီရန်နိုင်ငံသည် သစ်ဆိမ့်သီးများကို ပိုမိုသန့်စင်အောင် ပြုပြင်ထုတ်လုပ်ပြီး တန်ချိန် ၁၅၀,၀၀၀ အထိ ပြည်ပနိုင်ငံများသို့ တင်ပို့သွားရန် စီစဉ်ထားသည်။ ထိုတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၂ သန်း ဝင်ငွေရရှိမည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက မျှော်မှန်းထားသည်။

အင်တာနက်



စိုက်ပျိုးထုတ်လုပ်ထားသော သစ်ဆိမ့်သီးများကို တွေ့ရစဉ်။
ဓာတ်ပုံ-အင်တာနက်

တီလားပီးယားငါးမွေးမြူရေးအခြေခံသင်တန်းဆင်းပွဲကျင်းပ
ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၂၀

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် တီလားပီးယားငါးမွေးမြူရေးအခြေခံသင်တန်း အမှတ်စဉ် (၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များချီးမြှင့်သည်။

သင်တန်းဆင်း အခမ်းအနားသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်အောက်ရှိ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ သင်တန်း ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဌေးမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံငါးမွေးမြူရေး လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးသန်းလွင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို လည်းကောင်း၊ အတွင်းရေးမှူး ဦးစိုးတင့်က သင်တန်းနှင့်သက်ဆိုင်သည်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက သင်တန်းသား၊ သင်တန်းသူများ ကိုယ်စား သင်တန်းသား တစ်ဦးအား သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်သည်။

ထို့နောက် ငါးလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက ဆရာ၊ ဆရာမများ ကိုယ်စား ပါမောက္ခချုပ်(အငြိမ်းစား) ဦးဝမ်းတင်အားလည်းကောင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က ဆရာ၊ ဆရာမများကိုယ်စား ဦးတင်မောင်သန်းအား လည်းကောင်း ဂုဏ်ပြုလက်ဆောင် ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ KDN Group ရန်ကုန်ရုံးခွဲ Top Partner Trading Co., Ltd. မှ Miss Long Fang က နောက်ဆုံးပေါ်ခေတ်မီ Microscope တစ်လုံးကို မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်းသို့ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် အဖွဲ့ဝင်များသည် တီလားပီးယားငါးမွေးမြူရေး အခြေခံ သင်တန်း အမှတ်စဉ်(၁)၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

သင်တန်းအမှတ်စဉ်(၁)သို့ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်တို့မှ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများနှင့် ကိုယ်တိုင်ငါးမွေးမြူသူများ စုစုပေါင်း ၉၃ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မေ ၈ရက်မှ ၂၀ရက်အထိ ဖြစ်သည်။

(သတင်းစဉ်)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တီလားပီးယား ငါးမွေးမြူရေး အခြေခံသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဆူးလေစေတီတော်ဘက်စုံမွမ်းမံရေး ရွှေစင်ရွှေပြားရွှေသက်န်းတော်နှင့် အလှူတော်ငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၀

ဆူးလေစေတီတော် ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေး ရွှေစင် ရွှေပြား ရွှေသက်န်းတော် ကပ်လှူပူဇော်ရေးအတွက် အကြိမ်(၃၁၀)မြောက် အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ဆူးလေစေတီတော်မြတ်ကြီး၏ ကျက်သရေဆောင်ခန်းမ၌ ကျင်းပရာ ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးအုန်းမောင်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဧည့်သည်တော်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ အလှူရှင် ၆၅ဦးက ကိုးလက်မပတ်လည် ရွှေစင်၊ ရွှေပြားအချပ် ၆၀အပါအဝင် အလှူတော်ငွေ ၆၈၃သိန်းလေးသောင်းသုံးထောင် ၃၂၄ကျပ်ကို လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက အလှူတော်ငွေများကို လက်ခံပြီးအလှူရှင်များသို့ သာဓုအနုမောဒနာ ဂုဏ်ပြု မော်ကွန်းလွှာများကို အသီးသီးပြန်လည် ပေးအပ်ကြသည်။

(သတင်းစဉ်)

မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း မှော်ဘီမြို့နယ် အထယုကျေးရွာအနီးရှိ ရန်ကုန်မြို့တော်ရေပေးဝေရေး စီမံကိန်း နေ့စဉ်ရေပေးဝေလျက်ရှိသော ရေသန့်စင်စက်ရုံ၊ အကြိုအနည်ထိုင်ကန်၊ အနည်ထိုင်ကန်နှင့် ရေစစ်ကန်များအတွင်းမှ သဲများ၊ နုန်းများကို နုန်းစုပ်စက်များဖြင့် ထုတ်ယူစွန့်ပစ်နေမှု အခြေနေများကို ကြည့်ရှု စစ်ဆေးစဉ်။

(မြို့တော်စည်ပင်)

ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ဒုတိယအဆင့် လုပ်ငန်းများ မြို့တော်ဝန်စစ်ဆေး

ရန်ကုန် မေ ၂၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့နံနက် ၈နာရီတွင် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အထယုကျေးရွာအနီး၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့တော်နေပြည်သူများ သန့်ရှင်းကြည်လင်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် သောက်သုံးရေ ပိုမိုဖူလုံစွာ ရရှိနိုင်ရေးဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်)ဒုတိယ အဆင့် တစ်နေ့ရေဂါလန် ၄၅သန်း ထပ်မံပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းတာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန်နှင့် တာဝန်ရှိသူများအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာ ဌာနရေနှင့်သန့်ရှင်းမှုဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်း၊ အင်ဂျင်နီယာဌာန အဆောက်အအုံဌာနမှူး ဦးဇော်ဝင်း၊ စစ်ဆေးရေးဌာန ခေတ္တဌာနမှူး ဦးအောင်စိုးသန်းနှင့် လုပ်ငန်းတာဝန်ရှိသူများက မိမိတို့ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကို လိုက်လံ ရှင်းလင်းပြသကြသည်။

ထို့နောက် မြို့တော်ဝန်က မိုးမကျမီ အချိန်အတွင်း အပြီးသတ် လုပ်ဆောင်ရမည့် လုပ်ငန်းများကို တာဝန်ရှိသူ အဆင့်ဆင့်က စဉ်ဆက်မပြတ် ကြပ်မတ်လုပ်ဆောင်ရေး မှာကြားပြီး ရေသန့်စင် စက်ရုံအနီး အနည်ထိုင်ကန်နှင့် သဲရေစစ်ကန်များအတွင်းမှ နုန်းများကို စက်များဖြင့် ထုတ်ယူစွန့်ပစ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် နိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားမောင်မယ်များအား တွေ့ဆုံမှာကြား

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) ပတ္တမြားခန်းမ၌ မေ ၂၉ရက်မှ ဇွန် ၂ရက်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပမည့် ၂၀၀၆ခုနှစ် အာဆီယံ ဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဒေါက်တာ ပင်ဒိုရာအောင်ကြီး ခေါင်းဆောင်သည့် အုပ်ချုပ်သူ၊ နည်းပြဆရာနှင့် အားကစားသမားစုစုပေါင်းအဖွဲ့ဝင် ၂၅ဦး ပါဝင်သည့် မြန်မာ အမျိုးသမီးဘောလုံးအဖွဲ့၊ မေ ၂၉ရက်မှ ဇွန် ၄ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် အသက် (၁၄)နှစ်အောက် အာရှလူငယ်ဘောလုံးပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမောင်ကြီး ခေါင်းဆောင်သော အုပ်ချုပ်သူ၊ နည်းပြဆရာနှင့် အားကစားသမားစုစုပေါင်း အဖွဲ့ဝင် ၂၂ဦးပါဝင် သည့် မြန်မာလူငယ် ဘောလုံးအဖွဲ့နှင့် မေ ၂၄ရက်မှ ၃၁ရက် အထိ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့် လေးနိုင်ငံဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဗိုလ်ကြီး ကျော်ဇင်မိုးခေါင်းဆောင်သည့် အုပ်ချုပ်သူ၊ နည်းပြဆရာနှင့် အားကစားသမား စုစုပေါင်း အဖွဲ့ဝင် ၁၁ဦး ပါဝင်သည့် မြန်မာပိုက်ကျော်ခြင်းအဖွဲ့တို့အား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဝန်ကြီးအား ပြည်ပသို့သွားရောက်ယှဉ်ပြိုင်မည့် အားကစား အဖွဲ့ဝင်များနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ဆက်လက်၍ ပြည်ပသို့သွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့ချုပ်များက မိမိတို့နှင့် သက်ဆိုင်ရာ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက အားကစားအဖွဲ့များအနေဖြင့် နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်၍ နိုင်ငံ့ဂုဏ်ဆောင်အောင်နိုင်ရေးအတွက် ခွန်၊ စိတ်ဓာတ်၊ စည်းကမ်း၊ လေ့ကျင့်မှု အပြည့်အဝဖြင့် အကောင်းဆုံးဖြစ်အောင် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ကြရန် မှာကြားသည်။ (သတင်းစဉ်)

ရန်ကင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ကူညီပံ့ပိုးမှုဖြင့် (၁၂)ရပ်ကွက် သစ္စာရိပ်သာလမ်းကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းမည့် ကျောက်ချောစီခြင်းလုပ်ငန်းကို မေ ၂၀ရက်ကပြုလုပ်ရာ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်အောင်နှင့် မြို့နယ်အလုပ် အမှုဆောင်များ၊ အသင်းသားများ၊ ရပ်ကွက်ပြည်သူများ စုပေါင်းဆောင်ရွက်ကြစဉ်။ (၃၅)

ဂိုးသွင်းနိုင်သည့် အင်ဂိုလာဘောလုံးသမားတိုင်းကို တစ်ဦးလျှင် ဒေါ်လာ ၅၀၀၀ စီ ချီးမြှင့်မည်ဟုကြေညာထား

လူအန်ဒါ မေ ၂၀

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဂိုးသွင်းနိုင်သည့် အင်ဂိုလာဘောလုံးသမားတိုင်းကို တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀ ချီးမြှင့်ပေးအပ်မည်ဟုအင်ဂိုလာနိုင်ငံရှိ ဘန်ကိုအင်တာနေရှင်နယ်ခရဲဒစ်ဘဏ်က ထုတ်ပြန်ကြေညာထားကြောင်း နိုင်ငံပိုင်သတင်းစာဖြစ်သည့် ဂျာနယ်ဒီအင်ဂိုလာက သောကြာနေ့တွင်ရေးသားဖော်ပြသည်။

အင်ဂိုလာ လက်ရွေးစင်ဘောလုံးအသင်းသည် အုပ်စု(ဃ)တွင် ပေါ်တူဂီ၊ မက္ကဆီကိုနှင့် အီရန်နိုင်ငံတို့နှင့်အတူပါဝင်သည်။ အင်ဂိုလာနိုင်ငံအသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ရန် ဂျာမနီနိုင်ငံသို့ သောကြာနေ့တွင် ထွက်ခွာသွားပြီဖြစ်သည်။

အင်ဂိုလာနိုင်ငံ မြို့တော်လူအန်ဒါတွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် အင်ဂိုလာလက်ရွေးစင်အသင်းမှ ဘောလုံးသမားများကြာသပတေးနေ့က စုဝေးလှည့်လည်ခဲ့ရာ သိန်းနှင့်ချီအရေအတွက်ရှိသည့် ပြည်သူများကလမ်းများပေါ်သို့ထွက်၍လိုက်လိုက်လှဲလှဲနှုတ်ဆက်ခဲ့ကြသည်။ ၂၃ဦးပါ လက်ရွေးစင် ဘောလုံးအသင်းအား ဂုဏ်ပြုသည့်ညစာစားပွဲကို ကိုကီရော့စ် အားကစားရုံသစ်ကြီးတွင်ကျင်းပခဲ့သည်။ အင်တာနက်။

ပြည်ပ အားကစား သတင်းများ

အင်ဂိုလာ လက်ရွေးစင်ဘောလုံးအသင်းမှ နည်းပြချုပ် လူးဝစ်အိုလီဗီရာ။ (ဓာတ်ပုံ-အင်တာနက်)

အင်ဂိုလာ ဘောလုံးအသင်း

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့ လေဆိပ်သို့ မေ ၂၀ရက်က ဆိုက်ရောက်လာသော အင်ဂိုလာ လက်ရွေးစင် ဘောလုံးအသင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အကောင်းဆုံးလူငယ်ဘောလုံးသမားဆုအတွက် အင်္ဂလန်အသင်းမှသုံးဦး ပါဝင်ယှဉ်ပြိုင်မည်

ဘော်စတွန် (မက်ဆာချူးဆက်) မေ ၂၀

ယခုနှစ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အတွက် ချီးမြှင့်ပေးမည့်အကောင်းဆုံးလူငယ်ဘောလုံးသမားဆုကို အင်္ဂလန်အသင်းမှ ဝိန်းရူနီ၊ သီအိုဝယ်လ်ကော့တ်နှင့် အာရွန်လန်နွန်တို့ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း ဖီဖာဘောလုံးအဖွဲ့ချုပ်က သောကြာနေ့တွင် ပြောကြားသည်။

ဇွန်၉ရက်တွင် စတင်မည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်မည့်အသင်းများအားလုံး၏ ဘောလုံးသမားအမည်စာရင်းကို အသီးသီးထုတ်ပြန်ကြေညာခဲ့ပြီးနောက် အကောင်းဆုံးလူငယ်ဘောလုံးသမားဆုအတွက် အင်္ဂလန်ဘောလုံးသမားသုံး ဦးယှဉ်ပြိုင်ရွေးချယ်ခံမည်ဖြစ်ကြောင်းဖီဖာက ပြောကြားသည်။

အင်္ဂလန်အသင်းမှ လူငယ်ဘောလုံးသမားသုံးဦးသည် အကောင်းဆုံးလူငယ်ဘောလုံးသမားဆုအတွက် အချင်းချင်း ယှဉ်ပြိုင်ကြရမည်ဖြစ်သကဲ့သို့ အာဂျင်တီးနားနိုင်ငံအသင်းမှ လီယွန်နယ်လ်မက်ဆီ၊ ပေါ်တူကီနိုင်ငံအသင်းမှ ခရစ္စတီယာနို ရိုနယ်လ်ဒိုနှင့် အိမ်ရှင်ဂျာမနီနိုင်ငံအသင်းမှ လူးကပ်စ်ပိုဒေါ်စကီးတို့ကဲ့သို့သော အခြားလူငယ် ဘောလုံးသမားများနှင့် ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ (အင်တာနက်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ အိမ်ရှင်နိုင်ငံ ဂျာမနီလက်ရွေးစင်အသင်းမှ လူငယ်ဘောလုံးသမား လူးကပ်စ်ပိုဒေါ်စကီး။ (ဓာတ်ပုံ-အင်တာနက်)

မေ ၇ ရက် က စပိန် လိဂ် ဘောလုံးပြိုင်ပွဲတွင် ရီးယဲလ် မက် ဒရစ် အသင်းမှ ဇီဒန်းအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ပြင်သစ်လက်ရွေးစင်အသင်း စုစည်းညီညွတ်မှုရှိသော အားကစားစိတ်ဓာတ်ရှိသင့်

မက်ဒရစ် မေ ၂၀

ဂျာမနီနိုင်ငံတွင်ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပြင်သစ်လက်ရွေးစင်အသင်း အောင်ပွဲခံလိုပါက လွန်ခဲ့သည့်နှစ်များကရှိခဲ့သည့် စုစည်းညီညွတ်မှု အားကစားစိတ်ဓာတ်ကို ပြန်လည်မွေးမြူရန်လိုအပ်ကြောင်း နာမည်ကျော်ဘောလုံးသမား ဇီနက်ဒင်းဇီဒန်းက သောကြာနေ့တွင် ပြောကြားလိုက်သည်။

ပြင်သစ်နိုင်ငံအသင်းတွင် ထူးချွန်သည့် ဘောလုံးသမားများ ပါဝင်ပြီးယခင် ပြင်သစ်လက်ရွေးစင်အသင်းများနည်းတူ အသင်းလိုက် စုစည်းမှုရှိသော အားကစားစိတ်ဓာတ် မွေးမြူရန်လိုအပ်ကြောင်း ရီးယဲလ်မက်ဒရစ် ရုပ်မြင်သံကြားဌာနက သောကြာနေ့တွင် ထုတ်လွှင့်သော ရုပ်မြင်သံကြား လူတွေ့မေးမြန်းခန်း၌ ဇီဒန်းကပြောကြားသည်။

၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ် ဥရောပချန်ပီယံ ဘောလုံးပြိုင်ပွဲတွင်လည်းကောင်း ဇီဒန်းပါဝင်သော ပြင်သစ်အသင်း အောင်ပွဲခံအနိုင်ရရှိခဲ့သည်။ အင်တာနက်။



မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်

၂၀၀၆ခုနှစ် မေ ၂၀ ရက် မွန်းလွဲ ၂ နာရီ ထုတ်ပြန်ချက်
ယနေ့နံနက် ၀၉း၃၀ နာရီထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီ အတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်လျက်ရှိသည်။ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့်မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းတွင် ဒေသအလိုက်မိုးကြီးခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်း၊မကွေးတိုင်းနှင့်မန္တလေးတိုင်းတို့တွင် ဖြစ်မြဲထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲအောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များ**မှာ ညောင်ဦးမြို့နှင့်မင်းဘူးမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ ကော့သောင်းမြို့တွင် ၄ ဒသမ ၈၀ လက်မ၊ ထားဝယ်မြို့တွင် ၄ ဒသမ ၄၉လက်မ၊ ရန်ကုန်(ကမ္ဘာအေး)၊ သာယာဝတီမြို့နှင့် ခရမ်းမြို့တို့တွင် ၂ ဒသမ ၅၆ လက်မစီ၊ ရန်ကုန်မင်္ဂလာဒုံတွင် ၂ဒသမ၄၀လက်မ၊ မှော်ဘီမြို့တွင် ၂ဒသမ ၃၂ လက်မ၊ မြိတ်မြို့တွင် ၁ဒသမ၉၇လက်မနှင့် ရေးမြို့တွင် ၁ဒသမ၁၄လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင်မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

၂၀၀၆ ခုနှစ် မေ ၂၁ ရက် ညနေထိ ခန့်မှန်းချက်

စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်နှင့်ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင်နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင်မိုးပိုလာနိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၉၀ဒီဂရီဖာရင်ဟိုက်)	**၁၉-၅-၂၀၀၆**
အနိမ့်ဆုံးအပူချိန် ၂၀ ဒသမ ၂ဒီဂရီစင်တီဂရိတ် (၆၈ ဒီဂရီဖာရင်ဟိုက်)	**၂၀-၅-၂၀၀၆**
၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း	**၂၀-၅-၂၀၀၆**
နေပူသည့်နာရီပေါင်း ၅ ဒသမ ၈ နာရီခန့်	**၁၉-၅-၂၀၀၆**

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၀-၅-၂၀၀၆	(၂ဒသမ၄၀လက်မ)	(၂ဒသမ၅၆လက်မ)	(၀ဒသမ၈၆လက်မ)
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	(၁၁ဒသမ၂၂လက်မ)	(၁၁ဒသမ၈၅လက်မ)	(၁၀ဒသမ၃၅လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၀-၅-၂၀၀၆ နေ့၀၁း၂၀ နာရီအချိန်တွင် အရှေ့တောင်ဘက်မှ တစ်နာရီမိုင် ၂၀ နှုန်း တိုက်ခတ်သည်။

ရိုးရာလက်ဝှေ့ ရွှေခါးပတ်ပိုင်ရှင် ရွေးချယ်ပွဲ

ရွှေရိုးရာ

ဓာတ်ပုံ
စိုးညွန့်(ကြေးမုံ)

မြန်မာ့ရိုးရာလက်ဝှေ့ မျိုးဆက်သစ်များ ပေါ်ထွက်လာပြီး မြန်မာ့ရိုးရာလက်ဝှေ့ နိုင်ငံတကာအဆင့်မီ တက်လှမ်းနိုင်ရန် အနယ်နယ်အရပ်ရပ်ရှိ လက်ဝှေ့သမားများ တစ်နေရာတည်းတွင် စုစည်းရောက်ရှိတွေ့ဆုံ၍ ချစ်ခင်ရင်းနှီးမှုရရှိပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန်၊ တစ်မျိုးသားလုံး ရိုးရာစိတ်ဓာတ်နှင့် အားမာန်ဖြစ်ပေါ်လာစေရန်၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်၊ ကိုယ်အလေးချိန်တန်းအလိုက် ချန်ပီယံများ ထွက်ပေါ်လာစေရေးနှင့် လက်ဝှေ့သမားများ အဆင့်သတ်မှတ်နိုင်ရန်၊ လက်ရှိ ရိုးရာလက်ဝှေ့သမားများ အရည်အချင်းပြည့်ဝလာစေရန် ရည်ရွယ်ချက်များဖြင့် ၂၀၀၆ ခုနှစ် ကိုယ်အလေးချိန်တန်းအလိုက် တံခွန်စိုက် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၂၁ ရက်(ယနေ့) မွန်းလွဲ ၂ နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

ရွှေခါးပတ် တံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်လာသည့် ရွှေခါးပတ်ချန်ပီယံလောင်းများသည် ကွာတားဖိုင်နယ်၊ အကြိုဗိုလ်လုပွဲ အဆင့်ဆင့်ကို ကျော်ဖြတ်ကာ တက်ရောက်လာကြသူများဖြစ်ရာ ကိုယ်ရည် ကိုယ်သွေး၊ လက်ရည်လက်သွေး ထက်မြက်သွက်လက်သူများသာ ဖြစ်နေသည်။

ပြိုင်ဘက်များကို ပထမအချီ စက္ကန့်ပိုင်းအတွင်း ကြမ်းပြင်ပေါ် လှဲသိပ်နိုင်ခဲ့သူများ၊ ဝိုက်လက်သီး၊ ပင့်လက်သီး၊ ထောက်လက်သီး၊ ဖြတ်လက်သီး၊ ပင့်ဒူး၊ သဲ့ဒူး၊ တည့်ဒူး၊ ကျော့ဒူး၊ ဝိုက်ဒူးနှင့်ကန်ချက်အမျိုးမျိုးဖြင့် အလဲအကွဲထိုးကာ အောင်နိုင်ခဲ့သူများသာ နောက်ဆုံးဗိုလ်လုပွဲသို့ အရောက် လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲတွင် ဝိတ်တန်းကိုးတန်း ယှဉ်ပြိုင်ပြီး ၂၀၀၆ ခုနှစ်အတွက် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ပိုင်ရှင်ကိုးဦး ပေါ်ထွက်လာမည်ဖြစ်သည်။



ဖယ်သာဝိတ်တန်း (၅၇ ကီလို) ဗိုလ်လုပွဲတွင် မိုက်ခဲနှင့် ယှဉ်ပြိုင်ကာ ရွှေခါးပတ်လုမည့် ဒေါနပန်း (ကျွဲမင်း) (ဝဲပုံ)၏ အားပါသော ဘယ်ဖြတ်လက်သီးထိုးချက်။

ရိုးရာလက်ဝှေ့ဝါသနာရှင်များအတွက် ဝိတ်တန်းအလိုက် ယှဉ်ပြိုင်ဘက်နှစ်ဦးကို ချိန်ထိုးသုံးသပ်နိုင်ရန် တင်ပြရသော်–

လိုက်ဖလိုင်းဝိတ်တန်း(၄၈ကီလို) ဗိုလ်လုပွဲတွင် နိုင်ဝင်း(ဘိလပ်မြေစက်ရုံ)နှင့် မိုးသီး(မြန်မာပြည်သား) တို့ ယှဉ်ပြိုင်ဗိုလ်လုမည်။ နိုင်ဝင်းသည် ဖွဲ့ကောင်း၊ အသည်းမာသူဖြစ်သည်။ မြိုင်ကြီးငူ၌ အောင်လံရယူခဲ့သူဖြစ်သည်။ မိုးသီးသည် မာကျောကျစ်လျစ်သူ၊ လျင်မြန်ဖျတ်လတ်၍ သတ်လုံးသတ်ကွက် စုံလင်သူအဖြစ် နာမည်ရနေသည်။

ဖလိုင်းဝိတ်တန်း(၅၁ကီလို)ဗိုလ်လုပွဲတွင် ရွှေကျည်ဆန်(ဘိလပ်မြေစက်ရုံ)နှင့် ထစ်ချုန်း (KLN) တို့ တွေ့ဆုံမည်ဖြစ်သည်။ ရွှေကျည်ဆန်သည် မာကျောလျင်မြန်သည်။ ပြင်းထန်သော ခြေကန်ချက်များက ၎င်း၏ အားသာချက်ဖြစ်သည်။ ထစ်ချုန်းကား လက်သီးကောင်းသူအဖြစ် နာမည်ရသည်။ ပွဲကို ထိန်းချုပ်နိုင်စွမ်းရှိပြီး အရွှေ့အပြောင်း ကောင်းသူဖြစ်သည်။

ဘင်တန်ဝိတ်တန်း(၅၄ကီလို)ဗိုလ်လုပွဲတွင် ဒေါနအောင်(ကျွဲမင်း)နှင့် အသဲစွဲ(ဘိလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ဒေါနအောင်သည်

ဝယ်လ်တာဝိတ်တန်း (၆၇ကီလို) ဗိုလ်လုပွဲတွင် ရန်ကြီးအောင် (အလင်းရောင်)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် သူရရဲအောင် (မြန်မာပြည်သား) (ယာပုံ)၏ ပွဲသိမ်း ဒူးတိုက်ချက်။

အရွှေ့အပြောင်းလျင်မြန်ပြီး ပြင်းထန်သပ်ရပ်သော ခြေကန်ချက်က ၎င်း၏အဓိကလက်နက်ဖြစ်သည်။ အသဲစွဲကား မာကျောကြံ့ခိုင်သူ၊ ဝမ်းတူးလက်သီးကောင်းသူ၊ အပူးအချုပ်တွင် ဒူးထုတ်သုံးကာ ပြိုင်ဘက်ကို ကြမ်းပြင်ပေါ် သိပ်နိုင်သူဖြစ်သည်။

ဖယ်သာဝိတ်တန်း(၅၇ကီလို)ဗိုလ်လုပွဲတွင် မိုက်ခဲ(ကျွဲမင်း)နှင့် ဒေါနပန်း(ကျွဲမင်း)တို့ ရွှေခါးပတ်လုကြမည်ဖြစ်သည်။ မိုက်ခဲကား အပူးအချုပ်ကျွမ်းပြီး ဒူးကောင်းသူဖြစ်သည်။ ၂၀၀၀ ပြည့်နှစ် ရွှေခါးပတ်ပွဲငွေတံဆိပ်ရှင်ဖြစ်သည်။ ထို့အတူ ဒေါနပန်းကလည်း ၂၀၀၀ပြည့်နှစ် ရွှေခါးပတ်ပွဲငွေတံဆိပ်ရှင်ဖြစ်သည်။ ဝိုက်လက်သီးနှင့် ခြေကန်ချက် ပြင်းထန်သူ လက်ဝှေ့သမားဖြစ်သည်။

ဖလိုင်းဝိတ်တန်း (၅၁ ကီလို) ဗိုလ်လုပွဲ၌ ရွှေကျည်ဆန် (ဘိလပ်မြေစက်ရုံ)နှင့် ယှဉ်ပြိုင်မည့် ထစ်ချုန်း (KLN) (ယာပုံ) ၏ ညာဖြောင့်လက်သီး ထိုးကွက်။



၂၀၀၆ ခုနှစ် မြန်မာ့ ရိုးရာ လက်ဝှေ့ ရွှေခါးပတ်ချန်ပီယံ ပြိုင်ပွဲ မစ်ဒယ်ဝိတ်တန်း အထက် (အလွတ်တန်း) ဗိုလ်လုပွဲအဖြစ် အဓိကပွဲကြီး နွှဲမည့် တက်လူ လုံးချော (KLN)(ဝဲပုံ)နှင့် သမ္ဘာရင့် လက်ဝှေ့ကျော် ရွှေဝါထွန်း (နှစ်ရှည်ဥယျာဉ်)။(ယာပုံ)

လိုက်ဝိတ်တန်း(ကီလို ၆၀)ဗိုလ်လုပွဲတွင် စောလူမင်း(တောင်ကလေး)နှင့် ဝင်းထွန်း(လယ်/ဆည်)တို့ ယှဉ်ပြိုင်မည်။ စောလူမင်းသည် အကြိုဗိုလ်လုပွဲ၌ ပြိုင်ဘက်ကို ပထမအချီမှာပင် သဲ့ဒူးဖြင့်ပွဲသိမ်းခဲ့သူဖြစ်သည်။ အချုပ်အတိုက်ကောင်းသောလက်ဝှေ့သမားဖြစ်သည်။ ဝင်းထွန်းသည် အကြိုဗိုလ်လုပွဲ၌ ပြိုင်ဘက်ဖြစ်သူ ဆေးကျ၍ မပြိုင်ရဘဲ ဗိုလ်လုပွဲတက်လာသူဖြစ်သည်။ ဝင်းထွန်းသည် ရိုးရာလက်ဝှေ့လောက၌ နာမည်တစ်လုံးဖြင့်ကျော်ကြားသူ၊ သမ္ဘာရှိသူဖြစ်သည်။ ၂၀၀၀ ပြည့်နှစ် ရွှေခါးပတ်ချန်ပီယံဖြစ်သည်။ သတ်လုံးသတ်ကွက် စုံလင်သူဖြစ်သည်။

လိုက်ဝယ်လ်တာဝိတ်တန်း (၆၃ ဒသမ ၅ကီလို) ဗိုလ်လုပွဲတွင် နဂါးလေး(မြွေဟောက်မင်း)နှင့် ကြယ်လင်းအောင် (တောင်ကလေး)တို့ ဗိုလ်လုမည်ဖြစ်သည်။ နဂါးလေးသည် ဖွဲ့သတ္တိပြင်းထန်သူဖြစ်ပြီး လက်သီးကို ထိထိမိမိ ပိုင်ပိုင်နိုင်နိုင် အသုံးပြုတတ်သူအဖြစ်နာမည်ရသည်။ ကြယ်လင်းအောင်သည် ကြံ့ခိုင်တောင့်တင်း ပြီး ခံနိုင်ရည်ပြည့်ဝသူဖြစ်သည်။ အပူးအချုပ်ကျွမ်းကျင်ပိုင်နိုင်ပြီး ပွဲသိမ်းခြေ၊ ပွဲသိမ်းလက်ရှိသူဖြစ်သည်။

ဝယ်လ်တာဝိတ်တန်း(၆၇ကီလို)ဗိုလ်လုပွဲတွင် ရန်ကြီးအောင် (အလင်းရောင်)နှင့် သူရရဲအောင် (မြန်မာပြည်သား)တို့ အပြိုင်နွှဲကြမည်ဖြစ်သည်။ ရန်ကြီးအောင်မှာ တစ်ရှိန်ထိုးနာမည်ကြီးလာသူဖြစ်ပြီး ဒူးတိုက် ကျွမ်းကာ အကန်အခတ် အားသန်သူဖြစ်သည်။ သူရရဲအောင်သည် ပြည်နယ်/တိုင်းလက်ဝှေ့ပွဲ အကောင်းဆုံးရွှေတံဆိပ်ရှင်ဖြစ်ပြီး မွေထိုင်းလက်ဝှေ့ကျော် အဖုံးကိုအလဲထိုးအနိုင်ယူထားသူဖြစ်သည်။

လိုက်မစ်ဒယ်ဝိတ်တန်း(၇၁ကီလို)ဗိုလ်လုပွဲတွင် ကျော်ငြိမ်း (ဘိလပ်မြေစက်ရုံ)နှင့် ဈာန်ထူး (တောင်ကလေး)တို့ ထိုးသတ်မည်ဖြစ်သည်။ ကျော်ငြိမ်းသည် တိုကျိုမြို့တွင် ဂျပန် ဂျူဂျစ်ဆုချန်ပီယံကို ငါးချီအပြည့် ထိုးသတ်ခဲ့သူဖြစ်သည့် ဈာန်ထူးသည် သမ္ဘာရင့်ကာ မာဂုဏ်ရှိသူဖြစ်ပြီး အပူးအချုပ်ကျွမ်းကာ အဝင်အထွက် သွက်လက် ရဲတင်းသူအဖြစ် နာမည်ကျော်သူဖြစ်သည်။

မစ်ဒယ်လ်ဝိတ်တန်း (၇၅ကီလို) ဗိုလ်လုပွဲတွင် ဘိလပ်မြေစတား (ဘိလပ်မြေစက်ရုံ)နှင့် ဇာနည်ဆင်ရိုင်း(တောင်ကလေး)တို့ ထိုးသတ်ကြမည်ဖြစ်သည်။ ဘိလပ်မြေစတားသည် အကြိုဗိုလ်လုပွဲတွင် ပြိုင်ဘက်ကို ပထမအချီမှာပင် ညာဖြတ်လက်သီးဖြင့် ပွဲသိမ်းခဲ့သူဖြစ်သည်။ ဇာနည်ဆင်ရိုင်းသည် အပူးအချုပ်ကျွမ်းပြီး အကြိုဗိုလ်လုပွဲ၌ ပြိုင်ဘက်ကို လက်ဆုံပြုတ်စေပြီး ပွဲသိမ်းခဲ့သူဖြစ်သည်။

မစ်ဒယ်လ်အထက်(အလွတ်တန်း) ဗိုလ်လုပွဲသည် အဓိကပွဲကြီးဖြစ်သည်။ အလွတ်တန်းရွှေခါးပတ် ယှဉ်ပြိုင်လုမည့်သူနှစ်ဦးမှာ တက်လူ လုံးချော(KLN)နှင့် ဝါရင့် တစ်ကျော့ပြန် လက်ဝှေ့သမားကြီး ရွှေဝါထွန်း(နှစ်ရှည်ဥယျာဉ်)တို့ဖြစ်သည်။ လုံးချောသည် ဂျပန်နိုင်ငံသို့ နှစ်ကြိမ်သွားရောက် ယှဉ်ပြိုင်ခဲ့သူဖြစ်ပြီး ဂျပန်ကရာတေးချန်ပီယံကို ပထမအချီ၌ အလဲထိုးအနိုင်ယူခဲ့ပြီး နောက်တစ်ပွဲ၌ ဂျပန်ကစ်ဘောက်ဆင်ချန်ပီယံကို တတိယအချီတွင် အလဲထိုးခဲ့သူဖြစ်သည်။

ရွှေဝါထွန်းသည် ဆယ်စုနှစ်တစ်ခုအတွင်း ပြိုင်ဘက်ကင်းခဲ့သူ လက်ဝှေ့ကျော်ဖြစ်သည်။ အတွေ့အကြုံကြွယ်ဝပြီး လက်သီးကောင်းသူဖြစ်သည်။ တစ်နည်းဆိုရသော် လက်သီး ကောင်းကောင်းထိုးတတ်သူ ဖြစ်သည်။ လေ့ကျင့်သားပြည့်ဝရန် အထူးကြိုးပမ်းထားပြီး ရွှေခါးပတ်ရယူရန် ရည်မှန်းအားသန်နေသူလက်ဝှေ့ကျော်ဖြစ်သည်။

၂၀၀၆ခုနှစ် ဝိတ်တန်း ကိုးတန်းအတွက် ရွှေခါးပတ်ချန်ပီယံ မည်သူတွေပေါ်ထွက်လာမည်ကို မျက်မြင်ကိုယ်တွေ့ ကြည့်ရှုလေ့လာနိုင်ပါကြောင်း အသိပေးလိုက်ရပါသည်။ ။

ဟင်းသီးဟင်းရွက်စားသောက်စရာ အန္တရာယ်ကင်းဖို့သတိပြုလိုက်နာ

လူတို့ ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန် နေ့စဉ်စားသောက်သည့် အစားအစာများတွင် ရောဂါကာကွယ်နိုင်သည့် ဗီတာမင်သက်စောင့်ဓာတ်များနှင့် သတ္တုဓာတ်များပါဝင်သည့် ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကိုပါစားသုံးရန် လိုအပ်ပါသည်။

ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများစားသုံးရာတွင် သဘာဝအတိုင်းမဟုတ်ဘဲ ပြုပြင်ထားသော ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာ စသည့် ဓာတုပစ္စည်းများ ပါဝင်သည့် ဟင်းသီးဟင်းရွက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဗိုက်ရစ်နာ၍ အော့အန်ခြင်း၊ ခေါင်းကိုက်မူးဝေခြင်း၊ ဦးနှောက်နှင့် အာရုံကြော ထိခိုက်ခြင်း၊ မျိုးပွားနိုင်စွမ်းလျော့နည်းခြင်း၊ သန္ဓေသားချို့ယွင်းမှုဖြစ်ခြင်း၊ နှင်းခူရောဂါဖြစ်ခြင်း၊ ကင်ဆာရောဂါများဖြစ်ပွားခြင်း စသည့်ကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။

သို့ပါ၍ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများစားသုံးရာတွင် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးန္တရာယ်ကင်းရှင်းစေရန်အတွက် အောက်ပါအချက်များကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်–

လိုက်နာရမည့်အချက်များ

၁။ သဘာဝအတိုင်း စိုက်ပျိုးရောင်းချသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို စားသုံးပါ။
၂။ ဓာတုဆေးများအသုံးပြု၍ ဝါဝင်းနေအောင်ပြုလုပ်ထားသောသစ်သီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ။
၃။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစိုက်ခင်းများတွင်အသုံးပြုသည့် ပိုးသတ်ဆေးများနှင့် ဓာတုပစ္စည်းများ၊ အစားအသောက်များထဲတွင် မပါဝင်စေရန် ဟင်းသီးဟင်းရွက်များကို မလှီးမဖြတ်ခင် ရေသန့်သန့်နှင့် စင်ကြယ်စွာဆေးကြောပါ။
၄။ ဟင်းသီးဟင်းရွက်များကို ချက်ပြုတ်စားသောက်ပါ။
၅။ အစိမ်းစားမည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ရေသန့်သန့်ဖြင့် အထပ်ထပ်ဆေးပြီးမှ စားသုံးပါ။

ကျန်းမာရေးဝန်ကြီးဌာန

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် မေ ၁၅ရက်က မော်လမြိုင်မြို့နေ ဦးခွေးလေး–ဒေါ်ခင်မြိုင်(နဂါးဘိလပ်ရည်)မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (၁၀၇)

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

ဂျာမနီပရိသတ် အားပေးမှုရရှိမည့် ခရိုအေးရှား



ကမ္ဘာ့ဖလား

ဘောလုံးပြိုင်ပွဲ

အကြို

ခရိုအေးရှားအသင်းသည် ကမ္ဘာ့ဖလား အဓိကဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးအဆင့်သို့ တက်ရောက်ကစားခွင့်ရရန် ခြောက်ကြိမ်တိုင်တိုင် ကြိုးပမ်းအားထုတ်ခဲ့ရသည်။ ၂၀၀၆ ခုနှစ် ဂျာမနီ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ခွင့်ရခြင်းမှာ ငါးကြိမ်မြောက်ရှိပြီဖြစ်သည်။ ဤသို့ ဝင်ခွင့်ရခြင်းက ခရိုအေးရှား ပြည်သူငါးသန်းခန့်တို့ကို ဝမ်းမြောက်ပီတိဖြစ်စေခဲ့သည်။

၂၀၀၄ ခုနှစ် နွေရာသီခန့်မှ စတင်ပြီး နည်းပြဆရာ ဇလာကိုခရန်ဂျေကာက ခရိုအေးရှားအသင်းကို ကိုင်တွယ်ခဲ့သည်။ ထိုအချိန်ကတည်းက ခရန်ဂျေကာက တိုက်ရဲခိုက်ရဲ စိတ်ဓာတ်များကို ကစားသမားများအား မွေးမြူ သွတ်သွင်းပေးခဲ့သည်။ သို့ဖြစ်၍ ကစားသမားများက နည်းပြဆရာအပေါ် ယုံကြည်မှု အပြည့်အဝရှိခဲ့ပြီး ခြေစစ်ပွဲအောင်ရန် အကြောင်းတရား ဖြစ်လာခဲ့သည်။ ဆွီဒင်အသင်း၏ စိန်ခေါ်မှုကို တွန်းလှန်ပစ်ပြီး ဥရောပဇုန် အုပ်စု(၈) ၏ ဗိုလ်ဖြစ်ခဲ့သည်။ ထို့အပြင် ခြေစစ်ပွဲတွင် တစ်ပွဲမျှမရှုံးခဲ့ချေ။

ခရိုအေးရှားသည် ခြေစစ်ပွဲအောင်ရုံမဟုတ် ပိုမိုအားထုတ်ကစားခဲ့ရသည်။ နည်းပြဆရာ ခရန်ဂျေကာသည် ၃-၄-၁-၂ ပုံစံကို အသုံးပြုကစားဖွယ်ရှိသည်။ ဤကစားကွက်အရဆိုလျှင် အလယ်တန်း ဘေးဘက်မှနေပြီး ထိုးဖောက်ကစားဖို့ ရည်ရွယ်ထားသည်မှာ ထင်ရှားသည်။ ဒါရစ်ဂျိုဆာရီနာနှင့် မာကိုဘာဘစ်ခ်တို့ ကစားလိမ့်မည်။ သူတို့နှစ်ဦးစလုံးမှာ တိုက်စစ်မှူး ဥာဏ်ရည်ဥာဏ်သွေးမျိုး ရှိကြသည်။

ခရိုအေးရှားအသင်းမှာ အရန်အင်အားမရှိဘဲဖြစ်နေသည်။ ယင်းအချက်က နည်းပြဆရာကို အကြီးအကျယ် အခက်တွေ့စေသည်။

ဂိုးသမားက တောမစ်စ်စလက်ဗ်ဘတ်တင်နာ။ နောက်တန်းတွင် စိန့်ဂျက်ပန်တောမတ်စ်၊ ရောဘတ်ထ်ကိုဗစ်စ်နှင့် ဂျိုဆစ်ပ်ဆီမူနစ်စ်တို့ ကစားကြမည်။ အလယ်တန်းမှာ ဆာရ်နာ၊ အီဂေါကျူဒို၊ နီကိုခိုဗက်ဇ်နှင့် ဘာဘစ်စ်တို့ ဖြစ်ကြသည်။ နည်းပြဆရာ ခရန်ဂျေကာ၏သား နီကိုခရန်ဂျေကာက တိုက်စစ်မှူးနှစ်ယောက်နောက်မှ ကစားမည်။ အိုင်ဗစ်ကာအိုလစ်စ်က နာမည်ကြီးတိုက်စစ်မှူး ဒါဒိုပရာဆိုနှင့် တွဲပြီး ရှေ့တန်းမှ ကစားသွားဖွယ်ရှိသည်။

ခရိုအေးရှားအသင်း နည်းပြ ဇလာကိုခရန်ဂျေကာ။

ဘယ်လ်ဂျီယံ ကလပ်အသင်းမှ ဂိုးသမား ဗိုစကိုဘဲလ်လာဘန်နှင့် အေစီမီလန်အသင်းမှ ဒါရီအိုစမတ်စ်တို့သည် မကြာသေးမီက ခရိုအေးရှားသို့ ပြန်ရောက်လာကြပြီဖြစ်သည်။ သူတို့နှစ်ဦးက အမာခံ ၁၁ ဦး စာရင်းထဲဝင်ရန် စိန်ခေါ်လျက်ရှိသည်။ ဤအတောအတွင်း၌ အသင်းတောင့်တင်းရေးအတွက် ပြည်ပသို့ ထွက်ကစားနေကြသော ခရိုအေးရှား လူငယ်ဘောလုံးသမားသွေးသစ်များနှင့် ဆက်သွယ်လျက်ရှိသည်။ အချိန်မီရောက်ရန် မသေချာဘဲရှိနေသည်။

ဒဏ်ရာရနေသော ပရာဆိုနေရာသို့ လူစားထိုးမည့်သူမှာ အလားအလာရှိသော ဘိုကာဂျူနီယာ ကစားသမား ဒန်နီ ဂျဲလ်ဘဲလ်လော့စ်ဖြစ်သည်ဟု ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောကြားခဲ့

ဂမ်ဆိုင်း

သည်။ အခြားနှစ်ယောက်ကိုလည်း ရည်ရွယ်ထားသေးသည်။ ဘက်စ်စလီမှ အီဗန်ရာကစ်ထ်တစ်နှင့် ဟမ်းဘတ်မှ မူစတာဖာခူကျူကိုဗစ်စသော လူငယ်သွေးသစ်များဖြစ်သည်။ သူတို့နှစ်ဦးမှာ အတွေ့အကြုံတော့ နည်းကြသေးသည်။

အားနည်းချက်

ပြည်ပလိဂ်များမှ ကစားသမားလူငယ်သွေးသစ်များအား ရှာဖွေစုဆောင်းခြင်းသည် ပြည်တွင်းချန်ပီယံရှစ်၏ အားနည်းချက်ကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။

ဖြစ်ချင်တော့ ခရိုအေးရှားအသင်းအတွက် ကံကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။ အလားအလာရှိသော အရန် အင်အားစု နည်းနည်းကလေးထဲမှ အက်ဒူလာဒို၊ ဒီ၊ ဆီးလ်ဗာသည် ရှေ့တန်း၌ ဘရာဇီးနွယ်ဖွား ခရိုအေးရှားနိုင်ငံသားအဖြစ် ခံယူထားသော ဒီနာမိုဇက်ဂ်ရက်ဘ်နှင့် တွဲဖက်ပြီး ခြေစွမ်းပြဖွယ်ရှိသည်။

နည်းပြဆရာ ခရန်ဂျေကာသည် အသင်း၏ အင်အားနည်းမှုအပေါ် စိတ်ပူပန်မိသည်။ သို့သော်လည်း မိမိကိုယ်မိမိ ယုံကြည်မှုရှိကြောင်းကို ထုတ်ဖော်ပြသခဲ့သည်။ သူ့အသင်းသည် အုပ်စုအတွင်းမှ ဂျပန်၊ ဩစတြေးလျ စသည့် အသင်းများကို ဖြတ်ကျော်တက်ပြီး ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲသို့ တက်ရောက်မည်။ ရှုံးထွက်အဆင့်တွင် အီတလီအသင်းနှင့် ရင်ဆိုင်မည်ဟု ပြောဆိုခဲ့သည်။

ခရိုအေးရှားသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အိမ်ရှင်ပရိသတ်၏ အားပေးမှုကို သေချာပေါက်ရလိမ့်မည်။ ဆီမူနစ်စ်၊ ခိုဗက်စ်၊ ဘာဘတ်စ်နှင့် အရန်ကစားသမားများဖြစ်ကြသော ဂျူရစ်ကာဗီရန်ဂျက်စ်၊ အိုင်ဗန်ခလက်စ်နစ်စ်တို့သည် ဂျာမနီကလပ်အသင်းများတွင် ကစားနေကြသူများဖြစ်သည်။

ထို့ကြောင့် သူတို့သည် ဂျာမနီနိုင်ငံနှင့်ရော ကစားကွင်းများနှင့်ပါ အကျွမ်းတဝင်ရှိနေကြသည်။ ထို့အပြင် ခရိုအေးရှားနိုင်ငံသား အမြောက်အမြားသည် ဂျာမနီနိုင်ငံတွင် အလုပ်လုပ်နေကြသည်။ သို့ဖြစ်၍ ခရိုအေးရှားအသင်းကို အားပေးမည့် ကမ္ဘာ့ဖလား အိမ်ခံပရိသတ် အများအပြားရှိသည်ဟူ၍ ဖြစ်ပါသည်။ ။

ခရိုအေးရှား လက်ရွေးစင်အသင်းကို တွေ့ရစဉ်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗောဓိရိပ်သာလမ်း သံလွင်လမ်းသွယ်နေ ဦးစိန်ရ (ဝန်ကြီး-ငြိမ်း)-ဒေါ်အေးအေးစိုးတို့၏ နှစ် (၅၀)ပြည့် ရွှေရတုမင်္ဂလာ အထိမ်းအမှတ်အဖြစ် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ-နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

လန်ဒန်မြို့မှ ဒေါက်တာခင်သက်မော်နှင့် မောင်ဖြစ်သူ ဒေါက်တာ မြင့်ဝင်းတို့က ပထမအကြိမ်လှူဒါန်းပြီး ငွေကျပ်သိန်း ၁၈၀ နှင့် ဒုတိယအကြိမ် လှူဒါန်းငွေကျပ်သိန်း ၁၈၀ ကို ၎င်းတို့ကိုယ်စား ဦးကျော်သိန်းမိသားစုက ရန်ကုန်တိုင်း လှိုင်မြို့နယ် မေတ္တာဝါဒီ ဟသ်ာတ ပရဟိတကျောင်းတိုက် မဟာသိမ်တော်ကြီး ကိုးထပ်ကျောင်းဆောက်လုပ်ရန် မေ ၁၆ ရက်က လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ အောင်တော်မူကုန်းမြေတွင် တည်ထားကိုးကွယ်တော်မူသော အောင်မြေဗောဓိ (ရွှေတိဂုံပုံတူ) ၁၀၈ ပေ စေတီတော်အတွက် အလှူတော်ငွေကျပ် ငါးသိန်းကို သာကေတမြို့နယ် (၇)ရပ်ကွက်နေ ဦးခင်လတ်-ဒေါ်လှထွေးမိသားစုက သာသနာပြုဦးစီးပဓာန နာယက အောင်စေတီ ဆရာတော် ဘဒ္ဒန္တဝဏ္ဏသာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မုံရွာမြို့နယ် ဘိုးဘွားရိပ်သာ ထာဝရငွေပဒေသာပင်အတွက် မေ ၁၈ ရက်က ဒေါက်တာသိန်းဇော်နှင့် ဇနီး ဒေါက်တာသန်းသန်းဝင်း မိသားစုက ငွေကျပ် ၁၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ ကော်မတီဝင် စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဖုန်းလွင် လက်ခံယူစဉ်။ (ဘိုးဘွားရိပ်သာ)

မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရန်

ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အစိုးရဌာနဆိုင်ရာပိုင် မော်တော်ဆိုင်ကယ်များကိုသာ လုပ်ငန်းလိုအပ်ချက်အရ စီးနင်းခွင့်ပြုခဲ့ပြီး ဌာနဆိုင်ရာမော်တော်ဆိုင်ကယ်များတွင်လည်း ဌာနတံဆိပ်များ ကပ်ထားရပါမည်။ ဆိုင်ကယ်စီးနင်းသူများအနေဖြင့် မော်တော်ဆိုင်ကယ်စီး ဦးထုပ်ဆောင်းလျက် မေးသိုင်းကြိုးကို သေချာစွာတပ်ဆင်ချည်နှောင် စီးနင်းကြရန်နှင့် ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ စီးနင်းခြင်း၊ နှစ်ယောက်နှင့် အထက်တင်ဆောင်စီးနင်းခြင်းများကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ထို့အပြင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ နယ်ကျော်စီးနင်းသည့် မော်တော်ဆိုင်ကယ်များအား စစ်ဆေးတွေ့ရှိပါက အဆိုပါ မော်တော်ဆိုင်ကယ်များအား နိုင်ငံပိုင်အဖြစ်သိမ်းဆည်းပြီး စီးနင်းသူကိုလည်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံတွင်ရောက်ရှိနေသော ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ) မစ္စတာ အီဘာရာဟင်၊ အေ၊ ဂမ်ဘာရီနှင့် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ)နှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ရန်ကုန် မေ ၂၀

နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့သို့ ရောက်ရှိနေသော ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘာရာဟင်၊ အေ၊ ဂမ်ဘာရီနှင့် အဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ)နှင့် အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊

စာမျက်နှာ ၉ ကော်လံ ၃ သို့ ✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘာရာဟင်၊ အေ၊ဂမ်ဘာရီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယနေ့ မိုးလေဝသ

၂၁-၅-၂၀၀၆

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာ ရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာ ရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။